# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၄ |
| ၇ | (က) ယင်းမာပင်မြို့နယ်၊ အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အမှန်တကယ်လိုအပ်လျက်ရှိသည့် (၁၂၀ ပေ x ၃၀ ပေ x ၁၂ ပေ) အုပ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၈ | (ခ) ဒိုက်ဦးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) လက်ပံသုံးခွ စာသင်ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း လက်ပံသုံးခွ အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၉ | (ဂ) ပူတာအိုမြို့နယ်၊ ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘိုကျောင်းဆောင် (နှစ်ထပ်) ဆောင်အဟောင်းအား ကျောင်းဆောင် အသစ်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၁၀ | (ဃ) မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ နားလုံ အ.ထ.က(ခွဲ) ကျောင်းအား ပြီးဆုံးအောင် ဆောက်လုပ်ပေးရန်နှင့် အထက်တန်းပြဆရာမ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၁ | (င) မြင်းမူမြို့တွင် သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် သက်မွေးပညာသင်တန်းကျောင်း သို့မဟုတ် အစိုးရနည်းပညာအထက်တန်းကျောင်း တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၁၂ | (စ) မတူပီမြို့နယ်၊ လာလွီးအခြေခံပညာ အလယ်တ်းကျောင်း(ခွဲ) အား အလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၃ | (ဆ) မိုက်ပုတ်ကျေးရွာရှိ ယခင်ကဆောက်လုပ်ခဲ့သော အန္တရာယ်ရှိကျောင်းအား စံကိုက်ကျောင်းအဖြစ် အသစ်ဆောက်လုပ်ပေးရန်၊ စာသင်ခုံ၊ ပရိဘောဂများ လုံလောက်စွာ ခွင့်ပြုချထားပေးရန်နှင့် ဖွဲ့စည်းပုံ ပြည့်မီအောင် ဆရာ/ဆရာမဦးရေ ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |
| ၁၄ | (ဇ) မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်ရှိ သမဝါယမအသင်း လက်ဝယ်ရောက်ရှိနေသော ဦးပိုင်အမှတ်-၁၃၂၊ မြေကွက်အမှတ်-၉၂၁၊ မြေဧရိယာ ၀.၄၃ ဧကပေါ်ရှိ မြို့မြေအမျိုးအစား ဘုတ်စကူးကျောင်း အမည်ပေါက် အစိုးရအထက်ကျောင်းဟောင်းမြေနှင့် မြေပေါ်ရှိ အဆောက်အဦများအား ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ရရှိရေး မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၅ | ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း | ၂၈ |
| ၁၆ | ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၉ |
| ၁၇ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၄ |
| ၁၈ | ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တင်ပြချက် | ၄၅ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# [ ၂-၆-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ အင်ကြင်းပင် ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အမှန်တကယ် လိုအပ်လျက်ရှိသည့် (၁၂၀ ပေ x၃၀ ပေ x၁၂ ပေ) အုတ်ညှပ် တစ်ထပ်ဆောင် ဆောက်လုပ်ခွင့်ပြုပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လက်ပံသုံးခွ စာသင်ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း လက်ပံသုံးခွအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်၊ ဒုတ္တန် အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘိုကျောင်းဆောင်(နှစ်ထပ်) ဆောင် အဟောင်းအား ကျောင်းဆောင်အသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်၏ **မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ နားလုံအ.ထ.ကခွဲကျောင်းအား ပြီးဆုံးအောင် ဆောက်လုပ်ပေးရန် နှင့် အထက်တန်းပြဆရာမ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ **မြင်းမူမြို့တွင် သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် သက်မွေးပညာသင်တန်းကျောင်း သို့မဟုတ် အစိုးရနည်းပညာ အထက်တန်းကျောင်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်၊ လာလွီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုက်ပုတ်ကျေးရွာရှိ ယခင်က ဆောက်လုပ်ခဲ့သော အန္တရာယ်ရှိကျောင်းအား စံကိုက်ကျောင်းအဖြစ် အသစ်ဆောက်လုပ်ပေးရန်၊ စာသင်ခုံ၊ ပရိဘောဂများ လုံလောက်စွာ ခွင့်ပြုချထားပေးရန်နှင့် ဖွဲ့စည်းပုံ ပြည့်မီအောင် ဆရာ၊ ဆရာမ ဦးရေ ခန့်အပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်ရှိ သမဝါယမအသင်း လက်ဝယ် ရောက်ရှိနေသော ဦးပိုင်အမှတ်– ၁၃၂၊ မြေကွက်အမှတ်–၉၂၁၊ မြေဧရိယာ ၀.၄၃ ဧကပေါ်ရှိ မြို့မြေ အမျိုးအစား ဘုတ်စကူးကျောင်းအမည်ပေါက် အစိုးရ အထက်တန်း ကျောင်းဟောင်းမြေနှင့် မြေပေါ်ရှိ အဆောက်အဦများအား ပညာရေး ဝန်ကြီးဌာနမှ ပြန်လည်ရရှိရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်က **“နိုင်ငံသားများအား စားသုံးသူ ပညာပေးရေး(Consumer Education) ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲ လာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသော ဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက် တဖြည်းဖြည်း ပျောက်ကွယ် သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း (၆၊၇၊ ၈) တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၈၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့ -

(၁) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁၁ ရက်၊

(၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊

(၄) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၈ ရက်၊

(၅) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊

(၆) သထုံမဲဆန္ဒနယ်မှဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၇) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊

(၈) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၁၀) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊

(၁၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊

(၁၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၁၄) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၁ ရက်၊

(၁၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၁၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁၅ ရက်၊

(၁၈) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၁၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၂၀) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်နှင့်

(၂၁) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မှူကြမ်း**

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် ၁၇-၂-၂၀၁၆ ရက်နေ့ကဖွဲ့စည်းခဲ့တဲ့ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏တာဝန်များမှ အပိုဒ် (၅) ကိုအောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်မှာဖြစ်ပါတယ်။ အပိုဒ် (၅) ကော်မတီသည် (က) တောင်သူလယ်သမားနှင့် အလုပ်သမားများဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။ (ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရမည်။ (ဂ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ရမည်။ (ဃ) အလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရမည်။(င) ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တက်နိုင်သမျှကူညီဆောင်ရွက်ရမည်။ (စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများကကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။ (ဆ) သက်ဆိုင်ဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု

လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။ (ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြစာများကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်တို့ဖြစ်ပါတယ်။ ဖော်ပြပါကော်မတီရဲ့တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ တာဝန်များအား ပြင်ဆင်ခြင်း၊ သတ်မှတ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ယင်းမာပင်မြို့နယ်၊ အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အမှန်တကယ် လိုအပ်လျက်ရှိသည့် (၁၂၀ ပေ x ၃၀ ပေ x ၁၂ ပေ) အုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ကျန်းမာချမ်းသာကြစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ယင်းမာပင်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ အမှန်တကယ်လိုအပ်နေတဲ့ ၁၂၀ x ၃၀ x ၁၂ ပေ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ

သိရှိလို၍ မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်။ အင်ကြင်းပင်ကျေးရွာမူလတန်းကျောင်းအဆောက်အဦဟာ ဖြင့် လွန်ခဲ့သော ၁၉၈၆ ခုနှစ်ကတည်းက ကျေးရွာမှာရှိတဲ့ ပြည်သူများက ဆောက်လုပ်ခဲ့တဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က ဆောက်လုပ်ခဲ့တဲ့ အင်ကြင်းပင်မူလတန်း ကျောင်းဟာဖြင့် ၈၀ x ၃၀ x ၁၂ ပေ သွပ်မိုး၊ ကပ်ကာ၊ ပြင်ခင်းဖြစ်ပါတယ်။ ပူးတွဲတင်ဆက်တဲ့ဓာတ်ပုံ မှာအတိုင်းပဲ ပျက်စီးယိုယွင်းလျက် ဥပတိရုပ်လုံးဝမကောင်းသောအခြေအနေကို ဆိုက်ရောက်လာခဲ့ပါ တယ်။ ဒါကြောင့်မို့လို့ အဲဒီအဆိုပါဥပတိရုပ်မကောင်းမွန်ဖြစ်နေတဲ့ အန္တရာယ်ရှိအဆောက်အဦကို သက်ဆိုင်ရာသို့ ဖျက်သိမ်းခွင့်တောင်းခံခဲ့ပါတယ်။ အခြေခံပညာဦးစီးဌာန နေပြည်တော်ကနေပြီးတော့ ၁၈-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ် ဌာနခွဲ ၉-ခ/၁၇၂၆၇/အစအ(ဖျက်သိမ်း)-၁၆ ဖြင့် ဖျက်သိမ်းခွင့် ရရှိခဲ့ပါတယ်။ အခုအခါမှာ အဲဒီအန္တရာယ်အဆောက်အဦဟာ ဖျက်သိမ်းပြီးဖြစ်တဲ့အတွက် ကျောင်းသားများနှင့် ကျောင်းဆရာဆရာမများဟာဖြင့် စာသင်ကြားရာနေရာ လုံးဝမရှိတဲ့အတွက် နီးစပ်ရာဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းအနီးမှာရှိတဲ့ သစ်ပင်ရိပ်တွေမှာ ခက်ခက်ခဲခဲစာသင်နေရ တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလတန်းကျောင်း KG တန်း၊ နောက် ၁ တန်း၊ ၂ တန်း၊ ၃ တန်း၊ ၄ တန်း တို့ စာသင်ကြားရန် အလျင်အမြန်အရေးတကြီး ၁၂၀ x ၃၀ x ၁၂ ပေ တစ်ထပ်အုတ်ညှပ် ကျောင်းဆောင် အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။ သက်ဆိုင်ရာပညာရေးဌာနအဆင့်ဆင့်နဲ့ တာဝန် ရှိသူများရဲ့ထောက်ခံချက်တွေ၊ ကျောင်းနဲ့ပတ်သက်တဲ့ စာရွက်စာတမ်း၊ အချက်အလက်၊ ဓာတ်ပုံများကို အမှုတွဲမှာ ပူးတွဲတင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ကျွန်တော် ပြီးခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး စစချင်း မေးမြန်းထားခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ဒီအင်ကြင်းပင်အတွက်ဆိုပြီးတော့မှ ကျောင်းဆောင်ဆောက်လုပ်ဖို့အတွက် ၈၀ x ၃၀ x ၁၂ ပေ ဒါ ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် ခွင့်ပြုချက်ငွေ ၃၀.၂ သန်း ချပေးထားတာ တွေ့ပါ တယ်။ အဲဒီတော့ ကျွန်တော် ဥက္ကဋ္ဌကြီးကို လေးစားစွာတင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီလျှောက်ထားတာက ၁၂၀ x ၃၀ x ၁၂ ပေ လျှောက်ထားတဲ့အတွက် အခုချပေးတာ ဝန်ကြီးဌာနက ချပေးခြင်းသည် ၈၀ x ၃၀ x ၁၂ ပေ အုတ်ညှပ်တစ်ထပ်ဆောင်ပဲ ချပေးတာဖြစ်တဲ့အတွက် ဒါ ဘာကြောင့် အဲဒီလိုဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်စိုးရဲ့ မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အမှန်တကယ်လိုအပ်လျက်ရှိသည့် ၁၂၀ ပေ x ၃၀ ပေ x ၁၂ ပေ အုတ်ညှပ်တစ်ထပ်ဆောင်ဆောက်လုပ်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စာလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေကျပ်သန်းပေါင်း ၄၃၃ သန်း ခွဲဝေဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့သလို စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ယာယီဆောင် ၄၀ x ၂၀ ပေ သွပ်မိုးကပ်ကာတစ်ဆောင်စာ ရှိပါကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယင်းမာပင်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယင်းမာပင်မြို့နယ်အတွက် ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေအခြေအနေအရ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ ၁၂၀ x ၃၀ ပေမဟုတ်သော်လည်း ၈၀ ပေ x ၃၀ ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေအောက်မှ ကျပ်သန်းပေါင်း ၃၁.၂ သန်းဖြင့် ဆောင်ရွက်ပေးရန် စီစဉ်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီ ကျွန်တော်တို့ အခုလာမယ့် ၂၀၁၇ ခုနှစ် ဇူလိုင်လောက်ကျရင် နောက်နှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေလျာထားရာမှာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာကျောင်းအကျိုးတော်ဆောင်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ဖိတ်ကြားပြီးတော့ အမှန်တကယ်လိုအပ်ချက်စိစစ်ပြီး

ထပ်မံပြီးတော့ ဘဏ္ဍာငွေလျာထားရေး တင်ပြဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒိုက်ဦးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လက်ပံသုံးခွစာသင်ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း လက်ပံသုံးခွအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်ကမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဒိုက်ဦးမြို့နယ်၊ လက်ပံသုံးခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လက်ပံသုံးခွစာသင်ကျောင်းအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိစပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၈၂ ရွာဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ဧရိယာ အကျယ်အဝန်းမှာ ၄၉၇.၀၃ စတုရန်းမိုင်ရှိပြီး လူဦးရေအားဖြင့် ၂၀၅၀၀၀ ကျော်နေထိုင်သော မြို့နယ်တစ်ခုလည်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်စာရင်းအရ ဒိုက်ဦးမြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကိုးကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၅၄ ကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ၇၇ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၅ ကျောင်းနှင့် အခြေခံပညာမူလတန်းခွဲကျောင်းတစ်ကျောင်းရှိပါတယ်။ ဒိုက်ဦးမြို့နယ်၊ လက်ပံသုံးခွကျေးရွာဟာ ဒိုက်ဦးမြို့နယ်မှ လေးမိုင်ခန့်ကွာဝေးပြီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် ကားလမ်းသစ်ကြားမှာတည်ရှိပါတယ်။ အိမ်ခြေပေါင်း ၁၂၀၀ ကျော်ရှိပြီး လူဦးရေအားဖြင့် ၅၀၀၀ကျော်နေထိုင်သောကျေးရွာကြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုဟာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေတယ်ဆိုတာ မြေကြီးလက်ခတ်လွဲမယ်မထင်ပါဘူး။ ပညာရေးဟူသည် မွေးဖွားချိန်မှအစပြုကာ ဘဝတစ်လျှောက်လုံးစဉ်ဆက်မပြတ် သင်ယူရမယ့်အရာလည်းပဲဖြစ်ပါတယ်။ ထို့ကြောင့် အ.ထ.က(ခွဲ)လက်ပံသုံးခွကျောင်းဟာ ကျောင်းခြံမြေဧက ငါးဧကကျော်ရှိပြီး ကျောင်းသားကျောင်းသူ ပေါင်း ၆၅၀ ကျော်တို့ ပညာသင်ရာပညာ့ဗိမာန်ကြီးလည်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်အနီးတစ်ဝိုက်ရှိ ကျေးရွာ ၁၀ ရွာတို့မှ ကျောင်းသားကျောင်းသူများ ပညာရည်နို့ချိုစို့ပြီး လာရောက်ဆည်းပူးနေသော ကျောင်းကြီးလည်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် နောင်လာမယ့် မျိုးဆက်သစ်လူ့စွမ်းအား အရင်းအမြစ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးနေသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လက်ပံသုံးခွစာသင်ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း အဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးသို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘုန်းမြင့်အောင်ရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် လက်ပံသုံးခွအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိကိစ္စနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဘဏ္ဍာငွေခွင့်ပြုချက်အပေါ် မူတည်ပြီး ကျောင်းအဆင့်တိုးခြင်းများကို နှစ်အလိုက်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်ကဆိုရင် သတ်မှတ်ချက်နှင့်ကိုက်ညီသောကျောင်း ၉၃၇ ကျောင်းရှိပေမဲ့ ဖြေလျှော့ပြင်ဆင်ပြီး တတ်အားသရွေ့ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းအခြေခံပညာကျောင်း ၃၃၁၂ ကျောင်းကို အဆင့်

တိုးမြှင့်နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာတော့ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျေးဇူးနဲ့ ဘဏ္ဍာငွေတိုးချဲ့ခွင့်ပြုပေးခဲ့တဲ့အတွက် ကျွန်တော်တို့ဒီနှစ်ဆိုလျှင် ကျောင်းအဆင့်တိုးမြှင့်ခြင်းကို စုစုပေါင်း ၅၀၉၉ ကျောင်းထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

ဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်း(Sanction) ရရှိရန်မှာ သတ်မှတ်မှုအရ အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ နှင့်အထက်ရှိရန်၊ သို့တည်းမဟုတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်ပါက ပင်မကျောင်း တစ်ဆင့်မြင့် ကျောင်းနှင့် ခရီးအကွာအဝေး ၁၀ မိုင်အထက်ဝေးတဲ့ အနေအထားဖြစ်ဖို့ သတ်မှတ်ထားခြင်း ရှိပါတယ်။ တင်ပြပါ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် လက်ပံသုံးခွ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၏ အထက်တန်းကျောင်း(ခွဲ)သက်တမ်းမှာ ခုနစ်နှစ်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်စာရင်း အရ စုစုပေါင်းအထက်ဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၆ ဦးရှိပါတယ်။ ပညာရေးဝန်ကြီးဌာန အနေနဲ့ အဆိုပါကျောင်းကို ပြီးခဲ့တဲ့မေလ ၂၃ ရက်နေ့မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ပြုရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပူတာအိုမြို့နယ်၊ ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘိုကျောင်းဆောင်(နှစ်ထပ်)ဆောင် အဟောင်းအား ကျောင်းဆောင်အသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုသည်မှာ ကျွန်တော့်မဲဆန္ဒနယ်ရှိ ဒုတ္တန် အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘိုနှစ်ထပ်ကျောင်းဆောင်ဟောင်းအား ကျောင်းဆောင် အသစ်တည်ဆောက်ပေးရန်အစီအစဉ်နှင့် စပ်လျဉ်းပြီးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ရှိ ပူတာအိုမြို့တွင် မူလတန်းကျောင်း သုံးကျောင်းသာ ရှိပါတယ်။ ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းသားဦးရေ ဒုတိယအများဆုံး တက်

ရောက်သောစာသင်ကျောင်းဖြစ်ပါတယ်။ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်းဆောင်သည် ၁၉၆၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော အလျား ၁၆၄ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၂၄ ပေရှိသော ကျောင်းဆောင်ဖြစ်ပြီး သက်တမ်းအားဖြင့် ၄၈ နှစ်ကြာမြင့်ခဲ့သော ကျောင်းဖြစ်ပါတယ်။ သို့သော် တည်ဆောက်ခဲ့သောအဆောက်အဦမှာ သစ်၊ တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးနှစ်ထပ်ကျောင်းဆောင်ဖြစ်၍ ၎င်းကျောင်း၏တိုင်ခြေများ၊ သစ်သားကြမ်းခင်းများ၊ ပျဉ်ခါများ၊ ပြတင်းပေါက်များ၊ တံခါးကြီးများ၊ ဝရံတာများ၊ လှေကားနှင့်လှေကားခုံများ၊ မျက်နှာကျက်များ၊ သွပ်မိုးများမှာ ဆွေးမြေ့ပျက်စီးလျက်ရှိနေသဖြင့် ကျောင်းဆောင်၏အပေါ်ထပ်တွင် ကလေးများအန္တရာယ်ရှိသောကြောင့် စာကြည့်ခန်းများအသုံးပြုခြင်းမရှိပါ။ ကျောင်း၏ အောက်ထပ်ကိုသာ စာသင်ကြားလျက်ရှိပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အစီရင်ခံစာအုပ်ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ အထက်တန်းကျောင်းရဲ့ အနောက်ဘက်မြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြောက်ဘက်မြင်ကွင်းဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ပျက်စီးနေတဲ့တိုင်ခြေများဖြစ်၍ ယိုင်နက်နေပြီးဖြစ်သဖြင့် အချိန်မရွေးလဲနိုင်ပါတယ်။ ဒါကတော့ ပျက်စီးနေတဲ့ ကျွန်တော်တို့ လှေကားဖြစ်ပါတယ်။ အချိန်မရွေးကျိုးကြနိုင်ပါတယ်။ ဒါကတော့ ပျက်စီးနေတဲ့ နံရံများဖြစ်ပါတယ်။ ဒါကတော့ ကျောင်းဆောင်တဲ့ပျက်စီးနေတဲ့ ယက်မများဖြစ်ပါတယ်။ ခိုင်ခံမှုမရှိတော့ပါဘူး။ ဒါကတော့မျက်နှာကျက်များဖြစ်ပါတယ်။ ဒါကြောင့်မို့ အချိန်မရွေးမျက်နှာကျက်တွေကပြိုကျနိုင်ပြီး ပုံတွင်တွေ့မြင်ရတဲ့အတိုင်း အန္တရာယ်ရှိကျောင်းဆောင်ဖြစ်၍ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ချက်ခြင်းပြိုလဲနိုင်သော ကျောင်းဆောင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုသည်မှာ ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘိုကျောင်း (နှစ်ထပ်)ဆောင်အဟောင်းအား ကျောင်းဆောင်အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်၊ ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေရဲ့ မေးခွန်းဖြစ်သော ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘို (နှစ်ထပ်) ကျောင်းဆောင်အဟောင်းအား ကျောင်းဆောင်အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း ၂၅၇ သန်း ခွဲဝေလျာထားခွင့်ပြုပြီးပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်းမှာ တင်ပြပါ ခါကာဘိုကျောင်း ၁၆၀ ပေ x ၃၀ ပေ၊ ဖုန်ကန်ဆောင်၊ မေခဆောင်၊ မလိခဆောင်၊ ဝမ်လန်ရာဇီဆောင် ၁၇၀ ပေ x ၃၀ ပေသွပ်မိုး ပျဉ်ထောင်နှစ်ထပ်ဆောင်၊ ဧရာဆောင် ၁၀၆ ပေ x ၂၆ ပေသွပ်မိုးပျဉ်ကာ၊ မလိခူးခန်းမကြီး ၈၀ ပေ x ၄၀ ပေဆောက်လုပ်ပြီးစီးနေသော ၉၀ ပေ x ၃၀ ပေ သွပ်မိုးအုတ်ညှပ်တစ်ဆောင် စုစုပေါင်း စာသင်ဆောင်ခုနစ်ဆောင်နှင့် ဟောခန်းမတစ်ဆောင်ရှိပါတယ်။ လက်ရှိအခြေအနေတွင် ဟောခန်းမဆောင်နှင့်ကျောင်းဆောင်အသစ် ၉၀ ပေ x ၃၀ ပေ စာသင်ဆောင် ခြောက်ဆောင်စုစုပေါင်း စာသင်ခန်းဧရိယာ၂၅၂၂၀ စတုရန်းပေရှိကြောင်း ဆက်လက်တင်ပြအပ်ပါတယ်။ ဒီအန္တရာယ်ရှိအဆောင်အနေနဲ့ ဒီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ဖျက်သိမ်းပြီးအသစ်ဆောက်လုပ်ရန် ရန်ပုံငွေလျာထားခဲ့ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့သော် ယခုနှစ်မှာ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီးကျောင်းဆောင်အသစ်ဆောက်လုပ်ပေးနိုင်ရေးအတွက် အမှုတွဲတည်ဆောက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဒီကျောင်းအတွက်ငွေကျပ် ၃၅.၁ သန်းဖြင့် ဆောက်လုပ်ပေးထားတဲ့ ၉၀ ပေ x ၃၀ ပေသွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်သိပ္ပံဆောင်အသစ်သည် ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်တဲ့အတွက် အဆိုပါကျောင်းဆောင်ကို စာသင်ခန်းအဖြစ် အသုံးပြုရန် စီစဉ်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ နားလုံအ.ထ.ကခွဲကျောင်းအား ပြီးဆုံးအောင် ဆောက်လုပ်ပေးရန်နှင့် အထက်တန်းပြဆရာမ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကာယစိတ္တ၊ နှစ်ဖြာသော သုခနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ပဲဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်မှာရှိတဲ့ ဒေါ့ဖုန်းယန်မြို့ရဲ့ နားလုံ အ.ထ.က ခွဲကျောင်းသစ်အား ၂၀၀၇ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်က တစ်ကြိမ်၊ ကျောင်းဆောက်ရန်ရန်ပုံငွေများချပေးခဲ့သော်လည်း ယခုထက်ထိပြီးဆုံးခဲ့ခြင်းမရှိဘဲ စာသင်ကြားနိုင်ခြင်းလည်းမရှိပါ။ ကျောင်းဆောင်သစ်ကြီးကို ပြီးဆုံးအောင်မဆောက်လုပ်ပါက ပျက်စီးပြိုကျမည့်အခြေအနေဖြစ်နေပါတယ်။ အဲဒီပျက်စီးပြိုကျမယ့် ယိုယွင်းနေတဲ့ကျောင်းဆောင်ရဲ့အခြေအနေကို Power Point အသုံးပြုပြသခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီဟာက အ.ထ.က ကျောင်းခွဲဖြစ်ပါတယ်။ ကျောင်းပေါ်မှာဆိုရင် လူတက်လိုက်တာနဲ့ လှုပ်နေပါပြီ။ ဒီကျောင်းဟာမပြီးဆုံးပေမဲ့လည်း အခုဆိုရင် အန္တရာယ်ရှိတဲ့ ကျောင်းဆောင်ဖြစ်နေပါပြီ။ ဒါကြောင့်မို့ အရင်တုန်းက နယ်မြေဘတ်ဂျက်ချထားပေးတာ ငါးနှစ်ခန့်ရှိတဲ့အတွက် ကျွန်တော်တို့က အန္တရာယ်ဆောင်လည်း တင်ပြခွင့်ပြုလို့မရပါဘူး။ အဲအခါကျတော့ ကျွန်တော်တို့နယ်မြေအခြေအနေ မကောင်းတဲ့အတွက် ကျောင်းဆောင်ကြီးမပြီးဆုံးပေမဲ့လည်း နယ်မြေအခြေအနေတွေဟာ တည်ငြိမ်အေးချမ်းလာပြီဖြစ်တဲ့အတွက် အဲဒီကျောင်းဆောင်ကြီးကို ပြီးဆုံးအောင် တည်ဆောက်ဖို့လိုအပ်လာပါပြီ။ ဒါကြောင့်မို့ ဒီကျောင်းဆောင်ကြီးကို ပြီးဆုံးအောင်ဆောက်ရင်လည်း ဆောက်။ ဒါမှမဟုတ်ရင် အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ရင်လည်း ဒီဖြည့်စွက်ဘတ်ဂျက်မှာ၊ ဖြည့်စွက်ရန်ပုံငွေမှာ ချထားပေးရန်အစီအစဉ်ရှိ/မရှိလည်း သိလိုပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ ဒီအ.ထ.ကခွဲကျောင်းမှာ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူမရှိပေမဲ့လည်း မနှစ်ကဆို ၉ တန်းကျောင်းသူ ကိုးဦးရှိပါတယ်ခင်ဗျား။ အဲဒီ ၉ တန်းကျောင်းသူ ကိုးဦးမှာ အထက်တန်းပြဆရာမက တစ်ဦးတည်းရှိပါတယ်။ ဒီနှစ်ဆိုရင် ၉ တန်းကျောင်းသူ ၁၈ ဦးရှိလာပါပြီ။ ၁၈ ဦးရှိလာပေမဲ့လည်း အထက်တန်းပြဆရာမက အခုထက်ထိ တစ်ဦးပဲရှိပါသေးတယ်။ နယ်မြေမတည်ငြိမ်တဲ့နေရာမှာ

ကလေးတွေက စစ်ဘေးရှောင်တဲ့အချိန်မှာ စာမသင်ကြားရပေမဲ့ အခုနယ်မြေတည်ငြိမ်လာတဲ့အချိန်မှာ စာတင်တဲ့အခါလည်း ဆရာဆရာမဦးရေမလုံလောက်တဲ့အတွက် စာသင်ကြားဖို့အခက်အခဲတွေရှိနေပါတယ်။ ဒါကြောင့်မို့ အဲဒီကျောင်းမှာ နောက်ထပ်အထက်တန်းပြဆရာမတွေ ထပ်ပြီးတော့မှ ခန့်အပ်ပေးရန်အစီအစဉ်ရှိ/မရှိလည်း သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲဆက်လက်ပြီး ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းအောင်ရဲ့ မေးခွန်းဖြစ်သော မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့ နားလုံအခြေခံပညာအထက်တန်းကျောင်းခွဲအား ပြီးဆုံးအောင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ထိုကျောင်းတွင်အထက်တန်းပြဆရာမ ထပ်မံခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများဆောက်လုပ်ရန် ယခုနှစ်ဘတ်ဂျက်မှာ ငွေကျပ် ၂၂၇ သန်း ခွဲဝေဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ နားလုံကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှာ ဘွမ်ရယ်ဆောင်(၁၅၀ ပေx၃၀ ပေ)၊ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်၊ မုံလိုင်ဆောင်(၁၂၀ x ၃၀ ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်နှင့် အပြီးသတ်နိုင်မှုမရှိသေးတဲ့ (၁၇၀ x ၃၀ ပေ) သွပ်မိုးအုတ်ညှပ်နှစ်ထပ်ဆောင်အပါအဝင် စာသင်ဆောင်သုံးဆောင်ရှိပြီး စာသင်ခန်းဧရိယာစုစုပေါင်း ၆၄၈၀ စတုရန်းပေရှိပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါကျောင်းမှာ ကျောင်းသားကျောင်းသူများအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်စာရင်းအရ မူအဆင့်တွင် ၈၇ ဦး၊ လယ်အဆင့်တွင် ၁၀၃ ဦး၊ အထက်တန်းအဆင့်တွင် ကိုးဦး စုစုပေါင်း ၁၉၉ ဦး ရှိပါတယ်။ ဒီ ၁၉၉ ဦးအတွက် စာသင်ဧရိယာဟာ ၃၆၀၀ စတုရန်းပေရရှိရင်လုံလောက်ပါသဖြင့် စာသင်ခန်းဧရိယာနှင့် ကျောင်းသားကျောင်းသူအချိုး မျှတစွာရှိပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါအပြီးသတ်နိုင်မှုမရှိသေးသော (၁၇၀x ၃၀ ပေ) သွပ်မိုးအုတ်ညှပ်နှစ်ထပ်ဆောင်ကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃.၅၇ သန်းဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အပြီး

**မူကြမ်း**

သတ်လုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်သန်းပေါင်း ၈.၁၀ သန်းထပ်မံခွဲဝေ ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် အဆိုပါဒေသတွင် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ နယ်မြေအေးချမ်းတည်ငြိမ်မှုမရရှိနိုင်တဲ့အတွက် အဆောက်အဦတစ်ခုလုံးကို ပြီးစီးအောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ ဧပြီလ ၂၈ ရက်နေ့ နံနက် ၂ နာရီမှာ လေပြင်းတိုက်ခတ်မှုဒဏ်လည်း ခံခဲ့ရပါတယ်။ ဒါအတွက် ကိုယ်စားလှယ်တော်ကြီးတင်ပြသည့်အတိုင်း ကချင်ပြည်နယ်ပညာရေးမှူးအနေဖြင့် ထိုကျောင်းဆောင်ကိုဖျက်သိမ်းပြီးတော့ (၉၀ ပေx ၃၀ ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်ဖြင့် အဆောက်အအုံဆောက်လုပ်မှုပုံစံ Type C အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဆောက်လုပ်ပေးနိုင်ရေးအတွက် အခြေခံပညာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဆရာခန့်ထားမှုနဲ့ပတ်သက်လို့ တင်ပြရရင် နားလုံကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဆရာခန့်ထားနိုင်မှုအခြေအနေအရ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အထက်တန်းပြ တစ်ဦး၊ အလယ်တန်းပြခုနစ်ဦးနဲ့ မူလတန်းပြ ငါးဦး စုစုပေါင်း ၁၃ ဦးခန့်ထားပြီးဖြစ်ပါတယ်။ ထိုကျောင်းအား ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်များမှာ နယ်မြေအေးချမ်းတည်ငြိမ်မှုအခြေအနေများကြောင့် ဖွင့်နိုင်ခဲ့ခြင်းမရှိပါဘူး။ သို့အတွက် ဒေါ့ဖုန်းယန်အခြေခံပညာအထက်တန်းကျောင်းမှာ တွဲဖက်ပြီး ပညာသင်ကြားရပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ထိုနှစ်အလိုက် နဝမတန်းကျောင်းသား တစ်ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် နဝမတန်းကျောင်းသား ကိုးဦးရှိပြီးတော့ ဒသမတန်းပညာသင်ကြားသူမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ထိုကျောင်းမှာမူလတန်းအဆင့်တွင် ကျောင်းသားကျောင်းသူ ၈၇ ဦး၊ ဆရာဆရာမ ငါးဦးရှိသည့်အတွက် ကျောင်းသားဆရာအချိုး ၁း၁၇၊ အလယ်တန်းအဆင့်မှာ ကျောင်းသားကျောင်းသူ ၁၀၃ ဦး၊ ဆရာဆရာမ ခုနစ်ဦးရှိသည့်အတွက် ဆရာကျောင်းသားအချိုး ၁း၁၅ ရှိပါတယ်။ အထက်တန်းအဆင့်တွင် နဝမတန်းကျောင်းသားကျောင်းသူ ကိုးဦးရှိပြီး အထက်တန်းပြဆရာတစ်ဦးသာရှိတဲ့အတွက် ကျောင်းသားဆရာအချိုးကတော့ ၁း၉ တော့ဖြစ်ပါတယ်။ ဒီအထက်တန်းဆင့်သင်ကျောင်းသူကျောင်းသားများကို အထက်တန်းပြဆရာတစ်ဦးအပြင် အလယ်တန်းပြဆရာဆရာမများကပါ ဝိုင်းဝန်းပံ့ပိုးကူညီသင်ကြားပေးလျက်ရှိကြောင်း တွေ့ရှိပါတယ်။ သို့ပါသော်လည်း ဒီအဆိုပါကျောင်းရဲ့ အထက်တန်းပြဆရာလိုအပ်ချက်ကိုခွဲဝေရာထူးအရ ကျွန်တော်တို့ ရာနှုန်းပြည့်မခန့်ထားနိုင်ပေမဲ့ ဆရာခန့်ထားနိုင်မှုအခြေအနေ၊ ဘာသာရပ်ကိုက်ညီမှုအခြေအနေ၊ ဘဏ္ဍာငွေရရှိမှုအခြေအနေများပေါ်မူတည်ပြီး ယခု ၂၀၁၇-၂၀၁၈ နှစ်

အတွင်းမှာပဲ လိုအပ်သောဆရာဆရာမများ ဖြည့်စည်းခန့်ထားမှုကို စိစစ်ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြင်းမူမြို့တွင် သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် သက်မွေးပညာသင်တန်းကျောင်း သို့မဟုတ် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ခု တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးကို တက်ရောက်လာသူများအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မြင်းမူမြို့မှာ နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ကြားနိုင်မှု ကျောင်းတစ်ကျောင်းဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်မှာရှိတဲ့ မြင်းမူမြို့ဟာ မုံရွာ-မန္တလေးကားလမ်းနှင့် ဧရာဝတီမြစ်ဘေးက ကုန်းလမ်း၊ ရေလမ်း ဆက်သွယ်ရေးကောင်းမွန်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ လူဦးရေ ၁၁၀၀၀၀ ကျော်နေထိုင်ပြီးတော့ ကျေးရွာအုပ်စု ၄၈ အုပ်စုနှင့် ရပ်ကွက် လေးခုတို့နဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ မြင်းမူမြို့ရဲ့ပညာရေးအနေအထားကတော့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းများအရ မြင်းမူမြို့မှာ အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ ၆၆၆၀၀ ကျော် ရှိပါတယ်။ ဒီထဲကမှ ၈.၅ ရာခိုင်နှုန်းက ကျောင်းမနေဖူးသူတွေဖြစ်ပြီးတော့ ၈.၈ ရာခိုင်နှုန်းက ဘွဲ့နှင့် အခြားဒီပလိုမာဘွဲ့ အသိအမှတ်ပြုလက်မှတ်တွေ ရရှိထားတဲ့သူတွေဖြစ်ပါတယ်။ အများစုဖြစ်တဲ့ ၈၂.၅၃ ရာခိုင်နှုန်းဟာ အခြေခံပညာအဆင့်ကို သင်ကြားဖူးသူများဖြစ်ပြီးတော့ မြို့နယ်တစ်ခုလုံးရဲ့ စာတတ်မြောက်မှုနှုန်းဟာ ၉၅.၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီအချက်အလက်တွေအရ နည်းပညာနှင့် သက်မွေးလေ့ကျင့်ရေးကျောင်းအတွက် တက်ရောက်နိုင်မယ့်လူဦးရေနှင့် အရည်အချင်းလိုအပ်ချက်တွေကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မယ့် ဒေသတစ်ခုဖြစ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်က ခန့်မှန်းတွက်ချက်မှုတွေအရဆိုရင် မြန်မာနိုင်ငံမှာ မူလတန်းနှင့် အထက်တန်းတစ်သုတ်ဆိုရင် ကျောင်းသား တစ်သန်းခန့် ကျောင်းထွက်နေတဲ့အနေအထားဖြစ်လို့ နည်းပညာ၊ သက်မွေးနဲ့

ပညာရေးလေ့ကျင့်ရေးကဏ္ဍတွေမှာ သင်ယူမှုအခွင့်အလမ်း ပိုမိုပေးဖို့လိုအပ်နေပြီးတော့ နိုင်ငံ့လူဦးရေရဲ့ ဝ.၁၃ ရာခိုင်နှုန်းကပင် သင်ယူခွင့်ရရှိထားလို့ အင်မတန်နည်းပါးနေတယ်လို့ NASP အစီရင်ခံစာမှာတွေ့ရပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကနေ အလေးထားဆောင်ရွက်နေတဲ့ SME လုပ်ငန်းတွေကို မြင်းမူမြို့မှာလည်းပဲ အကောင်အထည်ဖော်မှုတွေရှိပေမယ့် အဓိကလိုအပ်ချက်ဖြစ်တဲ့ နည်းပညာ၊ အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားရှားပါးမှုတွေကြောင့် အဆင့်မီတဲ့ထုတ်ကုန်တွေ ထွက်မလာနိုင်ဘဲဖြစ်နေရပါတယ်။ မြို့နယ်အတွင်းက အလုပ်လုပ်ကိုင်နိုင်တဲ့ လူငယ်အများစုမှာလည်းပဲ နည်းပညာနှင့် သက်မွေးပညာတွေ တတ်မြောက်ထားမှုမရှိတဲ့အပြင် နိုင်ငံရပ်ခြားကို သွားရောက်ပြီးတော့ အလုပ်လုပ်ကိုင်နေတဲ့သူတွေဟာ များများလာပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်သားကောင်းတွေ ထွက်လာဖို့နဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးဖို့ဆိုရင် မြင်းမူမြို့မှာ သက်မွေးမှုပညာသင်တန်းကျောင်း ဒါမှမဟုတ် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ခု တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် အမှန်တကယ် အကျိုးရှိလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းခရိုင်မှာမရှိသေးတဲ့ ဒီကျောင်းကို မြင်းမူမြို့မှာ တည်ထောင်ပေးမယ်ဆိုလို့ရှိရင် မြို့နယ်နဲ့တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးတော့ ဒေသဆိုင်ရာအညွှန်းကိန်းတွေနဲ့ အများကြီးကွာခြားမှုမရှိတဲ့ အခြားမြို့တွေအနေတဲ့ မြောင်မြို့၊ အရာတော်မြို့၊ စစ်ကိုင်းမြို့နယ်က ပြည်သူတွေ၊ ဧရာဝတီမြစ်တစ်ဖက်ကမ်းက မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်း မြို့နယ်က ပြည်သူများအတွက်လည်း အကျိုးရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် မြင်းမူမြို့မှာ ဒီကျောင်း တည်ထောင်ပေးမယ်ဆိုလို့ရှိရင် လိုအပ်တဲ့အကျယ်အဝန်းရှိတဲ့ မြေနေရာတစ်ခုကို သတ်မှတ်ပေးနိုင်ဖို့အတွက် ခရိုင်မြို့နယ်က တာဝန်ရှိသူများနှင့်လည်း ညှိနှိုင်းပြီးတော့ ပညာရေးဝန်ကြီးဌာနကို လွှဲပြောင်းနိုင်ရေးကိုလည်း ကြိုးစားပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မြင်းမူမြို့မှာ မြို့နယ်လိုအပ်ချက်နဲ့ကိုက်ညီတဲ့ နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် သက်မွေးမှုပညာသင်တန်းကျောင်း ဒါမှမဟုတ် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ခု တည်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ကို သိလိုပါ၍ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းရဲ့မေးခွန်းဖြစ်သော မြင်းမူမြို့နယ်တွင် မြို့နယ်လိုအပ်ချက်နှင့်ကိုက်ညီသည့် သက်မွေးပညာရပ်များသင်ကြားနိုင်ရန် သက်မွေးပညာသင်တန်းကျောင်း သို့မဟုတ် အစိုးရနည်းပညာ အထက်တန်းကျောင်းတစ်ခုတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီနည်းပညာနှင့် သက်မွေးပညာရေး၊ လေ့ကျင့်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအားပေးဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာတော့ အစိုးရနည်းပညာကောလိပ်(ရွှေဘို)၊ အစိုးရနည်းပညာကောလိပ်(ကန့်ဘလူ)၊ အစိုးရနည်းပညာ စက်မှုလက်မှုသိပ္ပံ(ခန္တီး)စသည်တို့ ဖွင့်လှစ်ထားပြီး ဒီမြင်းမူမြို့နယ်နှင့်အနီးတစ်ဝိုက်မှာတော့ အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)၊ အစိုးရနည်းပညာအထက်ကျောင်း(ချောင်းဦး)တို့ကို ပုံမှန်နည်းပညာအထက်တန်းကျောင်းပညာရပ်များအပြင် ကာလတိုသက်မွေးပညာသင် သင်တန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့မှာ သက်မွေးပညာသင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးနိုင်ရေးအတွက်၊ ဘတ်ဂျက်တင်ပြနိုင်ရန်အတွက် အဓိကအချက်မှာ ပညာရေးဝန်ကြီးဌာနပိုင်မြေနေရာ သတ်မှတ်မှုရရှိခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့တွင် နည်းပညာအထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မြေနေရာရရှိရန် ဦးစွာဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြေနေရာရရှိပြီးမှသာ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရထံ ဖွဲ့စည်းပုံတင်ပြဆောင်ရွက်ရဖို့ ရှိပါတယ်။ ဆောင်ရွက်ပြီးတာနဲ့ ကျောင်းဖွင့်လှစ်နိုင်ရန် လိုအပ်သောအဆောက်အဦ ဆောက်လုပ်ရေး၊ ဝန်ထမ်းများခန့်ထားရေး၊ သင်ထောက်ကူပစ္စည်းများ စသည်တို့ကို ဖြည့်ဆည်းပေးရန်တို့အတွက် သက်ဆိုင်ရာဘဏ္ဍာရေးဦ နှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့

မကြာခင်မှာပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်ပူးပေါင်းပြီး မြေနေရာရရှိရေး စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မတူပီမြို့နယ်၊ လာလွီးအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်က ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းဖြစ်ပါတယ်။ အခု ကျွန်တော် မေးမြန်းမယ့် လာလွီးကျေးရွာ အ.လ.က ကျောင်း(ခွဲ)ကနေ အ.လ.က အဆင့်အထိ တိုးမြှင့်ပေးရန် ကျွန်တော်တင်ပြခဲ့ပါတယ်။ သို့ပေမဲ့ ဒီလွှတ်တော်မှာ ဝန်ကြီးဌာနက လာရောက်မဖြေကြားပေးခင်မှာပဲ ဒီကျောင်းကို အ.လ.က အဆင့်အထိ တိုးမြှင့်ပေးပြီးပြီဖြစ်တဲ့အကြောင်း ကျွန်တော်ကြားသိရလို့ အင်မတန်မှ ဝမ်းသာမိပါတယ်။ ဒီလိုမျိုး ကျွန်တော်တို့ဒေသရဲ့အခက်အခဲကိုသိပြီးတော့ ကျွန်တော်တို့ရဲ့လိုအပ်ချက်တွေကို ဖြေလျှော့ပေးပြီးမှ ခွင့်ပြုပေးတဲ့အတွက်လည်း သက်ဆိုင်ရာဝန်ကြီးတွေကို အထူးကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ဒီမှာ ကျွန်တော်တို့ နောက်ဆက်တွဲကျောင်းအဆင့်တိုးမြှင့်ပြီဆိုတော့ လိုအပ်တဲ့ကျောင်းဆရာ လုံလုံလောက်လောက်ပေးနိုင်ဖို့ကိုလည်း ကျွန်တော်ထပ်မံပြောချင်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီကနေ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေဖို့လိုအုံးမလား။

**မိုက်ပုတ်ကျေးရွာရှိ ယခင်ကဆောက်လုပ်ခဲ့သော အန္တရာယ်ရှိကျောင်းအား စံကိုက်ကျောင်းအဖြစ် အသစ်ဆောက်လုပ်ပေးရန်၊ စာသင်ခုံ၊ ပရိဘောဂများ လုံလောက်စွာ ခွင့်ပြုချထားပေးရန်နှင့် ဖွဲ့စည်းပုံပြည့်မီအောင် ဆရာဆရာမဦးရေ ခန့်အပ်ပေးရန်အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၊ ငါးမွန်ကျေးရွာအုပ်စု၊ မိုက်ပုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း စာသင်ကျောင်းဟာ သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနက စစ်ဆေးခဲ့ပြီး အန္တရာယ်ရှိကျောင်းဆောင် အဖြစ်သတ်မှတ်ထားပြီးတော့ စံကိုက်ကျောင်းဆောင်သစ်အဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလို၍မေးမြန်းသွားမှာဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်၊ မိုက်ပုတ်ကျေးရွာဟာ မိုင်းပန်မြို့ရဲ့တောင်ဘက် ၃၆ မိုင်အကွာမှာတည်ရှိပြီးတော့ မိုင်းပန်မြို့က မြေသား လမ်းအဖြစ်သွားရောက်ရတဲ့ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အိမ်ခြေ ၁၀၀၀ ကျော်နှင့် လူဦးရေ ၂၄၀၀ ခန့်နေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ မြေပြင်ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ လက်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၆၀ x ၃၀ ပေ မြေစိုက်ကျောင်းဆောင်အဖြစ် ဟောင်းနွမ်းဆွေးမြည့်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ရွာရဲ့အစီအစဉ်နဲ့ပြုပြင်ဆောက်လုပ်ခြင်းများကိုလည်း ဆောင်ရွက်ထားတာကိုလည်း တွေ့ရပါတယ်။ ယင်းစာသင်ကျောင်းမှာ ကျောင်းသားဦးရေ ၁၇၈ ဦးနဲ့ ပညာသင်ကြားနေပြီးတော့မှ KG အတန်း မှာတော့ ၁၃၁ ဦးရှိတဲ့အတွက် လွန်စွာများပြားပြီးတော့ အခန်းကြပ်သိပ်စွာဖြင့် ပင်ပန်းဆင်းရဲစွာ စာသင်ကြားနေကြရပါတယ်။ KG အတန်းမှာတော့ နောက်ထပ် ၄၀ ဦးခန့်ဟာ မြို့ပေါ်ပရဟိတ ဘုန်းကြီးကျောင်းများမှာ သွားရောက်ပြီးတော့ ပညာသင်ကြားနေကြရပါတယ်။ စာသင်ကြားပေးနေတဲ့ ကျောင်းဆရာဆရာမများအနေဖြင့်လည်း ဆရာဆရာမ လေးဦးသာရှိတဲ့အတွက် ဆရာဆရာမ လုံလောက်မှုမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျောင်းသုံးပရိဘောဂ၊ စားပွဲခုံ၊ ထိုင်ခုံများလည်း မရှိတဲ့အတွက်ကြောင့် စာသင်ခုံမပြည့်မစုံနဲ့ စာသင်ကြားနေကြရပါတယ်။ ယင်းစာသင်ကျောင်းဟာ ၂၀၀၈ ခုနှစ်ခန့်က တိုင်းမှူးမှ လှူဒါန်းငွေ သိန်း ၄၀ ကျပ်၊ ပညာရေးဝန်ကြီး ဌာနက ၂၂ သိန်းနဲ့ ကျေးရွာ ပြည်သူများရဲ့ထည့်ဝင်ငွေ သိန်း ၃၀ စုစုပေါင်း ၉၂ သိန်းနဲ့ ဆောက်လုပ် ခဲ့ခြင်းဖြစ်ပြီးတော့ ယခုအခါ ယင်းအဆောက်အဦမှာ ဟောင်းနွမ်းဆွေးမြည့်ပြီး ပညာရေးဝန်ကြီးဌာန က စစ်ဆေးခဲ့ပြီးတော့ အန္တရာယ်ရှိအဆောက်အဦအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်တမ်းဓာတ်ပုံများတင်ပြနိုင်ရန်အတွက် Power Point သုံးစွဲခွင့်ပြုပါ ခင်ဗျား။ တင်ပြပါပုံကတော့ မိုက်ပုတ်ကျေးရွာရဲ့ပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ အခြေခံပညာမူလ

တန်းကျောင်းပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ စာသင်ခန်းမှာ ကြပ်သိပ်စွာ စာသင်ကြားနေရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျေးရွာက ကိုယ်ထူကိုယ်ထပြုပြင်ဆောင်ရွက်နေပုံဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) ယခင်က ဆောက်လုပ်ခဲ့သည့် အန္တရာယ်ရှိကျောင်းအား စံကိုက်ကျောင်းအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ (၂) စာသင်ကျောင်းအတွင်းမှာ ထိုင်ခုံ၊ ပရိဘောဂများ စုံလင်စွာ၊ လုံလောက်စွာ ချထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ဖွဲ့စည်းပုံအရ ပြည့်မီအောင် ဆရာဆရာမများ ဦးရေခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် ခွင့်ပြုခြင်းမရှိသည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးစိုင်းကျော်မိုးရဲ့မေးခွန်းဖြစ်သော ယခင်ကဆောက်လုပ်ခဲ့သော အန္တရာယ်ရှိကျောင်းအား စံကိုက်ကျောင်းအဖြစ် အသစ်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ၊ စာသင်ကျောင်းအတွင်း စာသင်ခုံ၊ ပရိဘောဂများ ပြည့်စုံလုံလောက်စွာခွင့်ပြုချထားပေးရန်အစီအစဉ်ရှိ/မရှိ၊ ဖွဲ့စည်းပုံအရ ပြည့်မီအောင် ဆရာဆရာမဦးရေခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့် ခွင့်ပြုခြင်းမရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွက် ယခုဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်များဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း ၁၀၄.၄၀ ခွဲဝေချထားဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ မိုင်းပန်မြို့နယ်၊ မိုက်ပုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ၈၀ ပေ x ၃၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင်တစ်ဆောင်ရှိပါတယ်။ ကျောင်းသားကျောင်းသူအနေဖြင့် တင်ပြပါအတိုင်း ၁၈၀ ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါ အဆောက်အဦးဟာ

ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော ကျောင်းဖြစ်ပြီး သက်တမ်းကြာမြင့်တာနဲ့ကာလနဲ့အလိုက် ယိုယွင်းပျက်စီးမှုများ ရှိခဲ့ပါတယ်။ ဒီပျက်စီးမှုများကိုလည်း ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းသားမိဘ၊ ရပ်ရွာလူကြီးများကပဲ ဝိုင်းဝန်းပြုပြင်ဆောင်ရွက်နေရပါတယ်။ ဒီအတွက် ပညာရေးဝန်ကြီးဌာနမှ ဒီယိုယွင်းနေတဲ့ကျောင်းကို အန္တရာယ်ရှိဆောင်သတ်မှတ်ပြီး ကျောင်းဆောင်အသစ်ဆောက်လုပ်ခွင့် ရရှိရေးအတွက် ယခုဘဏ္ဍာရေးနှစ်မှာပဲ အမှုတွဲတည်ဆောက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက် ဒီနှစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်မှာပဲ မိုက်ပုတ်ကျေးရွာ အခြေခံမူလတန်းကျောင်းအတွက် ၉၀ ပေ x ၃၀ ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ဆောင် ငွေကျပ်သန်းပေါင်း ၄၀.၅ သန်းလည်း လျာထားဆောင်ရွက်ဖြည့်ဆည်းပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီး အမိန့်ရှိတဲ့ ပရိဘောဂအတွက်လည်း စာသင်ခုံအစုံ ၃၀၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၁.၃၅ ကိုလည်း ခွဲဝေချထားဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ယခုပညာသင်နှစ်မှာ အဆိုပါကျောင်းမှာ မူလတန်းပြဆရာ သုံးဦး၊ နေ့စားလပေးမူလတန်းပြဆရာ တစ်ဦး စုစုပေါင်း လေးဦး ခန့်ထားပေးပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ဆရာဆရာမများကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ရာထူးတိုး၊ အပြောင်းအရွှေ့များ ဆောင်ရွက်သည့်အခြေအနေ ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်ရှိ သမဝါယမအသင်း လက်ဝယ်ရောက်ရှိနေသော ဦးပိုင်အမှတ်-၁၃၂၊ မြေကွက်အမှတ် -၉၂၁၊ မြေဧရိယာ ၀.၄၃ ဧကပေါ်ရှိ မြို့မြေအမျိုးအစား ဘုတ်စကူးကျောင်း အမည်ပေါက် အစိုးရအထက်ကျောင်းဟောင်းမြေနှင့် မြေပေါ်ရှိ အဆောက်အဦများအား ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ရရှိရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ပညာရေးဌာနပိုင် အခြေခံပညာအထက်တန်းကျောင်းဟောင်း ယခင် ဘုတ်စကူးကို ပြန်လည်ရရှိရေး သက်ဆိုင်ရာသို့ မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမံမြို့ အထက်တန်းကျောင်းဟောင်း ယခင် ဘုတ်စကူးကျောင်းဟာ ၁၉၄၅ ခုနှစ်မှာ မူလတန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၅၀ ခုနှစ်မှာ အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှာ အထက်တန်းကျောင်းအဖြစ် အဆင့်တင် တိုးမြှင့်ခဲ့ပါတယ်။

၎င်းကျောင်းမြေကို ၁၉၃၇-၁၉၃၈ ခုနှစ် မြေစာရင်းမြေပုံ မြေစာရင်းပုံစံ(၁၀၅) (က)အရ ယနေ့အထိ ဘုတ်စကူးကျောင်းမြေအဖြစ် အမည်ပေါက်လျက်ရှိပါတယ်။ ၎င်းကျောင်းကိုပဲ ၁၉၇၃ ခုနှစ်အတွက် ဒသမတန်း စာစစ်ဌာနအဖြစ် အသုံးပြုခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်ပဲ ပဥ္စမတန်းကနေ ဒသမတန်း အထိ ပညာသင်ကြားပြီးတော့ ဒသမတန်းစာမေးပွဲကို ဖြေဆိုခဲ့တဲ့ကျောင်းလည်း ဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားများပြားလာတဲ့အတွက် ၁၉၇၄ ခုနှစ်မှာ ကျောင်းဆောင်သစ်ရွှေ့ပြောင်းပြီး တော့ မူလတန်းကျောင်းသားများကို ကျောင်းဆောင်ဟောင်းမှာ ထားခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ ကျောင်းအုပ်ဆရာကြီး ဦးကိုကြီးနှင့် ပါတီယူနစ်ဥက္ကဋ္ဌ နှစ်ဦးတို့သဘောဖြင့် ကျောင်းဆောင်ဟောင်းကို မြို့နယ်သမဝါယမအသင်းသို့ တစ်လလျှင် ၃၀၀ ကျပ်နှုန်းဖြင့် လ ၂၀ စာ ၆၀၀၀ ကျပ်ယူပြီးတော့ ကျောင်းဆောင်ဟောင်းရဲ့လမ်းတစ်ဖက်မှာရှိတဲ့ ဘေးရုံလေးကို ပြင်ဆင်ပြီးတော့ မူလတန်းကျောင်းကို ပို့ခဲ့ပါတယ်။ အဲဒီကျောင်းဆောင်ဟောင်းကို သမဝါယမအသင်းသို့ ငှားရမ်းခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ကတည်းက နောက်ထပ်ငှားရမ်းခလည်း တစ်ပြား၊ တစ်ကျပ်မှ မရခဲ့ပါဘူး။

အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသူကျောင်းသားက များပြားလာတော့ ကျောင်းဆောင်လိုအပ်ချက်အရ ၁၉၉၅ ခုနှစ်ကနေစပြီးတော့ ပြန်လည်တောင်းခံခဲ့ပါတယ်။ သို့သော် လည်းပဲ အဆင်ပြေမှုမရှိခဲ့ပါဘူး။ ၂၀၀၀ ပြည့်နှစ်မှာ မကွေးတိုင်းဒေသကြီးပညာရေးမှူးနှင့် မကွေး တိုင်းဒေသကြီး သမဝါယမဦးစီးတို့ တွေ့ဆုံညှိနှိုင်းရာမှာ သမဝါယမအသင်းမှ ခွင့်ပြုချက်မရှိဘဲနဲ့ ပညာရေးဌာနအတွင်းမှာ ဆောက်လုပ်ထားတဲ့အဆောက်အဦများကို ဖျက်ယူသွားမလား။ ပညာရေး ဌာနကိုလှူသွားမလား။ သို့တည်းမဟုတ် ပညာရေးဌာနကနေ ၃၅ သိန်းယူမလားဆိုတဲ့မေးခွန်းနဲ့ ညှိနှိုင်းခဲ့သော်လည်းပဲ အဆင်မပြေခဲ့ပါဘူး။ နောက် ၁၆-၈-၂၀၁၄ ရက်နေ့မှာ ကံမမြို့ အထွေထွေ အုပ်ချုပ်ရေးရုံးမှာ ပညာရေးဌာနနှင့် သမဝါယမအသင်းတို့ ညှိနှိုင်းတဲ့အခါမှာ သမဝါယမအသင်း ဥက္ကဋ္ဌကိုယ်၌ကနေ ပညာရေးဌာနပိုင်ဖြစ်တဲ့အတွက်ကြောင့် ပြန်ပေးပါမယ်လို့ ကတိပြုထားသော် လည်းပဲ နောက်ရက်မှာ အဲဒီကတိကို ပြန်လည်ဖျက်ခဲ့ပါတယ်။ အတိုချုပ်ပြောရလို့ရှိရင် ၂၀၁၅ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံမှ ပြည်သူ့လွှတ်တော်သို့ မေးခွန်းမေးခဲ့ရာ ယခင် သမဝါယမဝန်ကြီး ဦးကျော်ဆန်း ကိုယ်တိုင် ဒီအဆောက်အဦနှင့် မြေတွေသည် သမဝါယမဝန်ကြီးဌာနပိုင်မဟုတ်ကြောင်းနှင့် အောက်ခြေမှာ ညှိနှိုင်းရန် အကြောင်းပြန်ခဲ့ပါတယ်။ ဒါကြောင့် ၁၂-၈-၂၀၁၆ ရက်နေ့မှာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင်လာရောက်ညှိနှိုင်း သော်လည်းပဲ အဆင်မပြေဖြစ်ခဲ့ပါတယ်။

**မူကြမ်း**

ယခုအခါ ကျောင်းဆောင်ဟောင်းမှာ အရက်ဆိုင်များ၊ ဘီယာဆိုင်များ၊ ဆိုင်ခန်းများငှားရမ်းပြီးတော့ အခကြေးငွေကို နိုင်ငံတော်သို့ မသွင်းဘဲ လူနည်းစုကိုယ်ကျိုးအတွက် အသုံးပြုနေခြင်းသည် ကံမမြို့နယ် ကျောင်းသူကျောင်းသားများပညာသင်ကြားရေးကို အနိုင်ကျင့်နေခြင်းဖြစ်ပါတယ်။ စာသင်ကျောင်းထဲမှာ ဘီယာတို့၊ အရက်တို့ရောင်းချနေခြင်းသည် စာသင်ကျောင်း၊ ဘုရား၊ ဘုန်းကြီးကျောင်းများနှင့် ကိုက် ၃၀၀ အကွာမှာ ရှိရမယ်ဆိုတာလည်း တည်ဆဲဥပဒေကိုလည်း ပြောင်ပြောင်တင်းတင်းချိုးဖောက်နေတာ တွေ့ရပါတယ်။ အမှန်တရားနှင့် ဥပဒေစိုးမိုးရေးကိုဖော်ဆောင်မယ့် ပြည်သူ့အစိုးရအနေနဲ့ အမှန်တရားပေါ်ပေါက်အောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ Power Point လေးနဲ့ ရှင်းခွင့်ပြုပါခင်ဗျား။ ဒါကတော့ ပင်မကျောင်းဆောင်ဖြစ်ပါတယ်။ ဒီဥစ္စာကတော့ ဘီယာတို့၊ အရက်တို့ ရောင်းတဲ့ဆိုင်ပါ။ ဒါကတော့ ဆိုင်ခန်းတွေငှားထားတာပါ။ ဒါကတော့ လူနေအိမ်ခြေတွေငှားထားတာပါ။ ဒါကြောင့် ကျွန်တော် မေးလိုသည်မှာ အဆိုပါအထက်တန်းကျောင်းမြေသည် ၁၉၃၇-၁၉၃၈ ခုနှစ် မြေစာရင်းပုံစံ(၁၀၅) (က)အရ ဘုတ်စကူးကျောင်းမြေအဖြစ် ပေါက်နေခြင်း၊ ၎င်းမြေနှင့် အဆောက်အဦများသည် သမဝါယမဝန်ကြီးဌာနပိုင်မဟုတ်ကြောင်း ယခင် သမဝါယမဝန်ကြီး ဦးကျော်ဆန်းကိုယ်တိုင် ဖြေကြားထားခြင်း၊ ၁၆-၈-၂၀၁၄ ရက်နေ့မှာ ညှိနှိုင်းရာမှာ သမဝါယမအသင်း ဥက္ကဋ္ဌမှ ပညာရေးဌာနပိုင်ဖြစ်တဲ့အတွက်ကြောင့် ပညာရေးဌာနကို ပြန်လည်ပေးအပ်မယ်လို့ ကတိပြုထားခြင်း၊ နောက်တစ်ခုက ဝန်ကြီးချုပ်ရှေ့မှောက်မှာ သမဝါယမအတွင်းရေးမှူးနှင့် အဖွဲ့က သမဝါယမပိုင်မဟုတ်ကြောင်း ဝန်ခံထားခြင်းတို့ကြောင့် ပညာရေးဌာနပိုင်ဖြစ်တယ်ဆိုတာ ခိုင်လုံနေပါသဖြင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီ ပညာရေးဝန်ကြီးဌာနပိုင်မြေနှင့် အဆောက်အဦများကို ပြန်လည်ရရှိရန် မည်သို့ဆောင်ရွက်နေဖို့ အခြေအနေကိုသိရှိလိုပါသဖြင့် ကံမမြို့နယ် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်ရဲ့ မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ သမဝါယမအသင်းလက်ဝယ်ရောက်ရှိနေသော ဦးပိုင်အမှတ်(၁၃၂) မြေကွက်အမှတ်(၉၂၁) မြေဧရိယာစုစုပေါင်း ၀.၄၃ ဧကပေါ်ရှိ မြို့မြေ

အမျိုးအစား ဘုတ်စကူးကျောင်းအမည်ပေါက် အစိုးရအထက်တန်းကျောင်းမြေနှင့် မြေပေါ်ရှိ အဆောက်အဦများအား ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ရရှိရေး မည်သို့ဆောင်ရွက်မည်ကို သိရှိလို ခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ကံမမြို့ အမှတ်(၂)ရပ်ကွက် ဦးပိုင် အမှတ်(၁၃၂) မြေကွက်အမှတ်(၉၂၁) မြေဧရိယာအကျယ်စုစုပေါင်း ၀.၄၃ ဧကသည် ယခင်ကာလများ ကတည်းက ဘုတ်စကူးကျောင်းအမည်ပေါက် ပုံစံ(၁၀၅) ရရှိထားသောမြေဖြစ်ကြောင်း ဦးစွာတင်ပြ အပ်ပါတယ်။ ၁၉၇၄ ခုနှစ်မှာ သမဝါယမအသင်းများဖွဲ့စည်းစဉ် မြို့နယ်သမဝါယမအသင်းမှ နေရာ အတွက် အခက်အခဲရှိပါကြောင်းတင်ပြသဖြင့် မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌမှ တစ်လလျှင် ကျပ် ၃၀၀ နှုန်းဖြင့် လ ၂၀ အတွက် ငွေ ၆၀၀၀ ဖြင့်စီစဉ်ပြီး နောက်နောင်မှာလည်း မြေငှားခဆက်လက်တောင်းခံ ရရှိခြင်းမရှိတော့ပါကြောင်း ဆက်လက်တင်ပြအပ်ပါတယ်။

ဒီကိစ္စနှင့်စပ်လျဉ်းပြီး အစိုးရအဆက်ဆက်မှာ ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းနိုင် ရေး ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်း အတွင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အခု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုကိုယ်တိုင် လွှတ်တော်မှာ မေးခွန်းတင်ပြပြီး ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီ ယခု ဒေါက်တာအောင်မိုးညို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်မှာ လည်း ဒီမြေအား ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းရေးအတွက် တိုင်းဒေသကြီးအစိုးရ အနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အစိုးရအထက်တန်းကျောင်းမြေ ပြန်လည် ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ သမဝါယမ ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခဲ့ရာ သမဝါယမဦးစီးဌာနအနေဖြင့် အသင်းအစု၏ကိစ္စကို ဆုံးဖြတ် ဆောင်ရွက်ခြင်းမရှိပါကြောင်း ဒါ အကြောင်းပြန်ကြားထားတာရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြို့နယ်အဆင့် ဆောင်ရွက်မှုစုစုပေါင်း လေးကြိမ် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်ကိုယ်တိုင် ဝင်ရောက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ယခုအချိန်အထိ ပြေလည်မှုမရရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆက်လက်ပြီး ကံမမြို့နယ် သမဝါယမအသင်းစုသို့ သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆို

ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် တရားရုံး၏ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ အခုလို ဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ပညာရေးဌာနအနေဖြင့် တရားစွဲမယ်ဆိုတော့ ဒီတရားစွဲခကုန်ကျစရိတ်ကို ပညာရေးဝန်ကြီးဌာနက ခံမှာလားလို့ သိချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ တရားစွဲဆိုဆောင်ရွက်တဲ့အခါမှာ ဒီသတ်မှတ်ထားချက်များနှင့်အညီ ပညာရေးဝန်ကြီးဌာနမှ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များကို မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော် အသိပေးချင်တာရှိပါတယ်။ ဘာလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်တွေက မေးခွန်းတင်တယ်။ မေးခွန်းတင်တဲ့အခါမှာ လွှတ်တော်ရုံးက စိစစ်ပြီးတော့ ပြည်ထောင်စုအစိုးရကို ပို့ရတယ်။ ပြည်ထောင်စုအစိုးရက ကိုယ်တိုင်ဖြေရတာရှိသလို ပြည်နယ်/တိုင်းဒေသကြီးအစိုးရတွေကနေတစ်ဆင့် ဖြေရတာရှိတယ်။ ပြီးရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သူတို့နဲ့ဆိုင်တာဆိုလို့ရှိရင်လည်း အဲဒီကဖြေရတာတွေရှိတယ်။ အဲဒီတော့ အဲဒီက အဆင့်သင့်ဖြစ်ပြီ။ ပြန်လာပြီဆိုတော့မှ ဒီမေးခွန်းကိုဖြေဖို့ အဆင့်သင့်ဖြစ်ပြီ ပြန်လာပြီဆိုတော့မှ ကျွန်တော်တို့က လွှတ်တော်မှာ ဒီမေးခွန်းကိုဖြေဖို့ အစီအစဉ်ထည့်ရပါတယ်။ အစီအစဉ်ထည့်ရတဲ့အခါကျတော့ တကယ်လို့ လွှတ်တော်အစည်းအဝေးပြီးလို့ ဒီမေးခွန်းပေါ်မလာရင် နည်းဥပဒေ ၁၄၈ အရ သက်ဆိုင်ရာကိုယ်စားလှယ်ဆီကို ဒီမေးခွန်းရဲ့အဖြေကို ပို့ဖို့ပဲရှိတယ်။ သို့သော် ကျွန်တော့်အနေနဲ့က ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးမဆုံးရှုံးစေချင်ဘူး။ ကိုယ်စားလှယ်တွေ လွှတ်တော်မှာ မေးစေချင်တယ်။ ဒါမှ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့၊ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်ထဲမှာ ပြည်သူတွေအကျိုးအတွက်၊ ဒေသဖွံ့ဖြိုးရေးအတွက် ဘာဆောင်ရွက်နေတယ်ဆိုတာ သိစေချင်လို့ ဥက္ကဋ္ဌရဲ့လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ ဒီမေးခွန်းကို ပေါ်အောင်လို့ ကျွန်တော်က ဘာလုပ်ပေးသလဲဆိုလို့ရှိရင် လွှတ်တော်ပိတ်တဲ့အခါမှာ ဒီမေးခွန်းတွေကို

နောက် Session ကိုပြောင်းပါ။ ပြောင်းပါဆိုပြီး ကိုယ်စားလှယ်တွေကို အသိပေးတယ်။ ကိုယ်စားလှယ်တွေ အသိပေးတဲ့အခါကျတော့မှ ဒီမေးခွန်းသည် ဥပမာ - ဒုတိယပုံမှန်ကမေးဖို့ဆို တတိယပုံမှန် ပြောင်းသွားတယ်။ မပေါ်လာလို့ရှိရင် မပြီးသွားရင် တတိယပုံမှန်ကမေးခွန်းက စတုတ္ထပုံမှန်ပြောင်းသွားတယ်။ ဒါက ဥပဒေနဲ့ညီအောင်လို့ ကျွန်တော်က ကျင့်သုံးတာ။ အဲဒီတော့ ပြောင်းရတဲ့အခါကျတော့ အခုနက ဒုတိယပုံမှန်၊ တတိယပုံမှန်မှာမပေါ်ခဲ့တဲ့မေးခွန်းသည် ဒီဘက်ကိုပြောင်းလာတဲ့အခါမှာ စတုတ္ထပုံမှန်ထဲပြောင်းရင် စတုတ္ထပုံမှန်ထဲရောက်သွားပြီ။ ပဉ္စမပုံမှန်ရောက်ရင် ပဉ္စမပုံမှန်အောက် ရောက်သွားပြီ။ အဲဒီတော့ ဟိုးဒုတိယပုံမှန်၊ တတိယပုံမှန်က မေးခဲ့ပါတယ်ဆိုတာမရှိတော့ဘူး။ တကယ်လို့ အဲဒီလိုရှိပါတယ်လို့ ခံယူထားရင်၊ အဲဒီလိုရှိတယ်လို့ယူဆထားရင် ကျွန်တော်တို့က အခုနက ဝန်ကြီးဌာနက ဖြေဖို့ အဆင့်သင့်ဖြစ်ပြီလို့ ပေါ်လာရင် လွှတ်တော်ပြီးလို့မှ မမေးနိုင်ရင် ကျွန်တော်တို့က စာပို့ဖို့ပဲရှိတော့တယ်။ ဒါကြောင့်မို့လို့ ဒီလိုထည့်ပြောဖို့ လိုအပ်သေးသလား ကိုယ်စားလှယ်တွေ စဉ်းစားဖို့လိုတယ်။ ကျွန်တော်တို့က ဥပဒေနဲ့ညီအောင်လို့ ကျွန်တော်ရဲ့လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ ကိုယ်စားလှယ်တွေကို လွှဲပါ။ နောက် Session ကို လွှဲချင်တဲ့သူလွှဲပါဆို လွှဲလိုက်လို့ နောက် Session အတွက် ပါလာတာ။ အဲဒါ ဟိုးတုန်းက တင်ခဲ့တဲ့ဟာကို ပြန်ပြောမယ်ဆိုရင် နည်းဥပဒေ ၁၄၈ အရ နောက် ဒါမျိုးဆိုလို့ရှိရင် ကိုယ်စားလှယ်တွေက ဒီ Session မှာမပြီးသွားရင် စာနဲ့ပို့လိုက်ဖို့ပဲ ရှိတော့တယ်။ အဲဒါလေးကို ကျွန်တော်တို့ ကိုယ်စားလှယ်များ သဘောပေါက်ထားဖို့ လိုတယ်။ ကျွန်တော်တို့က ကိုယ်စားလှယ်တွေကို ကျွန်တော်အပါအဝင် လွှတ်တော်ရုံးက စေတနာထားပြီး လုပ်ပေးတဲ့ဟာကို တချို့ကပြောတယ်။ ဘယ်တုန်းကမေးပါပြီ။ အခုမှ ပေါ်တယ်။ အခုမှပေါ်တယ်ဆိုပြီး ပြန်ပြန်ရွှေ့တော့ အဲဒီ Session ကိုရောက်သွားတယ်။ အနီးစပ်ဆုံး Session ကိုရောက်သွားတယ်။ ဟိုတုန်းကမေးခဲ့တာ မပေါ်ခဲ့တော့ဘူး။ ပြီးသွားပြီ။ အဲဒါလေးကို ဥပဒေသဘောအရ ညီအောင်လို့ ကျွန်တော်တို့က ကျင့်သုံးပေးတာ အဲဒါကိုတော့ ကိုယ်စားလှယ်များ သတိထားဖို့ လိုပါတယ်။ ဒါကို အသိပေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အစီရင်ခံစာကိုတင်ပြဖို့ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့အထိ ကော်မတီ၏ ဆောင်ရွက်ချက်များအား နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ပြုစုရေးသား၍ ကော်မတီ၏ကိုယ်စား အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ နှစ်ပတ်လည် အစီရင်ခံစာ(၁/၂၀၁၇)အပြည့်အစုံကို ကိုယ်စားလှယ်တော်ကြီးများအားလုံးထံ ကြိုတင်ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ ပြည်သူ့လွှတ်တော်အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (တနင်္လာနေ့)မှာ လွှတ်တော်အခွင့်အရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီအကြောင်းကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ဟာ ပထမပုံမှန်အစည်းအဝေးကာလဖြစ်တဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆)ဖြင့် ကော်မတီဝင် ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်) အစား ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို နောက်ဆက်တွဲ(ခ)ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မေလ ၃

ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၅၈/၂၀၁၆)ဖြင့် ကော်မတီအဖွဲ့ဝင် ဦးတင်ထွန်းနိုင်(ဆိပ်ကြီး ခနောင်တိုမဲဆန္ဒနယ်)အစား ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)ဖြင့်လည်းကောင်း ထပ်မံ ပြင်ဆင်ဖွဲ့စည်းခြင်းကို နောက်တွဲ(ဂ)ဖြင့် ဖော်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အစီရင်ခံနေတဲ့ကာလအတွင်းမှာ လွှတ်တော်ကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ကြောင်း ကိစ္စရပ်များကို လွှတ်တော်သို့တင်ပြရခြင်းများမရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ခဲ့ရခြင်းလည်း မရှိခဲ့ပါ။ လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်အစည်းအဝေး ကျင်းပတဲ့ရက်တိုင်းမှာ အစည်းအဝေးသို့တက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ် အတည်ပြုပြီး လွှတ်တော်ဥက္ကဋ္ဌထံတင်ပြဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါတယ်။ လွှတ်တော် အခွင့်အရေးကော်မတီဟာ ပြည်သူ့လွှတ်တော်ဥပဒေများ၊ နည်းဥပဒေများတွင်ပါရှိသော လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများ ကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက် အလက်များကိုသုံးသပ်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ရာမှာ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီအသီးသီးထံမှ သော်လည်းကောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ထံမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထဲမှ လည်းကောင်း အကြံပြုချက်များကို ရယူဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီ သည် စတင်ဖွဲ့စည်းသည့်နေမှ ယခုအစီရင်ခံစာတင်သွင်းသည့်အချိန်ထိ ကော်မတီအစည်းအဝေးများ ကို ရှစ်ကြိမ်တိတိကျင်းပနိုင်ခဲ့ပါတယ်။ ဒီအစည်းအဝေးများမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ခွင့်ရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်အများစု တင်ပြခဲ့သည့် အကြောင်းအရာများ ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းနှင့် ပတ်သက်သောကိစ္စရပ်များ၊ နေထိုင်ရာ စည်ပင် ဧည့်ရိပ်သာနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးဧည့်ရိပ်သာတို့တွင် နေထိုင်ရေး၊ လုံခြုံရေး၊ သွားလာရေးအဆင်ပြေမှုရှိစေရန်နှင့် ကျန်းမာရေးအတွက်ဆေးဝါးများ ပြည့်စုံမှုရှိစေရန်တို့ကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆.၈.၂၀၁၆ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး မှတ်တမ်းတင်မှုအရ လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ရမည့်ဥပဒေ ၃၉ ခုနဲ့ ဆက်စပ်ဥပဒေ ၁၀ ခု စုစုပေါင်း ၄၉ ခု ရှိပါတယ်။ စိစစ်ရမယ့်ဥပဒေများနှင့်ပတ်သက်ပြီး ကော်မတီဝင်များပူးပေါင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ၎င်းတို့မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီ၌ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လွှတ်တော် မှလည်း အတည်ပြုပြဌာန်းပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ တင်သွင်းလာသည့် အဆို တစ်ခု၊ ကြယ်ပွင့်ပြမေးခွန်းတစ်ခု၊ ကြယ်ပွင့်မပြမေးခွန်းတစ်ခုနှင့်ပတ်သက်ပြီး ကော်မတီ၏ သဘောထားမှတ်ချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့တင်ပြထားပြီးလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် လာမည့်နှစ်အတွက်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅) ရပ်ကို ဆောင်ရွက်ရန်လျာထားထားပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဟာ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာ သုံးသပ်လျက် ရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော် သို့ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေး ဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်က အခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြားတာဝန်များ ကိုလည်း ကျေပွန်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့လွှတ်တော်။

အစီရင်ခံအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ

## အစီရင်ခံစာအမှတ်စဉ် (၁/၂၀၁၇)

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်အထိ

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့အထိ ကော်မတီ၏ ဆောင်ရွက်ချက်များအား နှစ်ပတ်လည်အစီရင်ခံစာအဖြစ်ပြုစုရေးသား၍ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းအပ်ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က) နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး၏ ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (တနင်္လာနေ့)တွင် လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်- (ပူးတွဲ-က)

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးလှမိုး | အောင်မြေသာစံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၃။ ပြည်သူ့လွှတ်တော်သည် ပထမပုံမှန်အစည်းအဝေးကာလဖြစ်သော ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၆ ဖြင့် ကော်မတီဝင် ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်) အစား ဦးသောင်းဋ္ဌေးလင်း (ပုသိမ်ကြီးမဲဆန္ဒနယ်)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။(ပူးတွဲ-ခ) ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၅၈/၂၀၁၆ ဖြင့် ကော်မတီအဖွဲ့ဝင် ဦးတင်ထွန်းနိုင် (ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်)အစား ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်) ဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။(ပူးတွဲ-ဂ)

၄။ ယခုအချိန်တွင် လွှတ်တော်အခွင့်အရေးကော်မတီတွင် အောက်ဖော်ပြပါ ကော်မတီဝင် (၁၅)ဦး ဖြင့် ပေးအပ်ထားသောလုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစောနိုင် | တောင်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းဌေးလင်း | ပုသိမ်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးလှမိုး | အောင်မြေသာစံ မဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီ၏သက်တမ်း**

၅။ လွှတ်တော်အခွင့်အရေးကော်မတီ၏ သက်တမ်းသည် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ အရ လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါကကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၆။ ကော်မတီသည်-

(က) မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသော အချက်များကို အခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက်/မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

( ခ) အပိုဒ်ခွဲ(က)ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြခြင်း၊

( ဂ) လွှတ်တော်က ဒေသဆိုင်ရာသို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့်ဆက်သွယ်နိုင်ရေး အတွက်လိုအပ်ပါက လွှတ်တော်သို့တင်ပြနိုင်ခြင်း။

၇။ ကော်မတီသည် လွှတ်တော်ကျင်းပစဉ်ရက်အတွင်း လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမည်။

**အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များ**

၈။ အစီရင်ခံသည့်ကာလအတွင်း လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ကြောင်းကိစ္စရပ်များကို လွှတ်တော်သို့ တင်ပြရခြင်းများ မရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ရခြင်းလည်းမရှိပါ။

၉။ ကော်မတီသည် လွှတ်တော်အစည်းအဝေးကျင်းပသည့် ရက်တိုင်းတွင် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါသည်။

၁၀။ လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဥပဒေများ၊ နည်းဥပဒေ များတွင် ပါရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက်အလက်များကိုသုံးသပ်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီအသီးသီးထံမှ သော်လည်းကောင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ထံမှ

လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထဲမှလည်းကောင်း အကြံပြုချက်များကိုလည်းရယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၁။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းပါရငွေသုံးငွေများ စိစစ်ရာတွင်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရာတွင်လည်းကောင်း မိမိတို့ကော်မတီနှင့် ကော်မတီဝင်များကိုအခြေခံသော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်း များနှင့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၁၆)ဖြင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့အား စိစစ်သုံးသပ်ပြီးတွေ့ရှိချက်များအား ပြည်ထောင်စုလွှတ်တော်၊ စီမံကိန်းနှင့်ဘဏ္ဍာငွေရသုံးမှန်းခြေ စိစစ်ရေးပူးပေါင်းအဖွဲ့အား ဆက်လက်တင်ပြခဲ့ပါသည်။

**အစည်းအဝေးများကျင်းပမှု**

၁၂။ လွှတ်တော်အခွင့်အရေးကော်မတီသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ယခုအစီရင်ခံစာ တင်သွင်းသည့်အချိန်အထိ ကော်မတီအစည်းအဝေးများကို (၈)ကြိမ် ကျင်းပခဲ့ပါသည်။ ယင်းအစည်း အဝေးများ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ခွင့်ရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

၁၃။ ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်အများစု တင်ပြခဲ့သည့် အကြောင်းအရာများ ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းနှင့် ပတ်သက်သောကိစ္စရပ်များ၊ နေထိုင်ရာ စည်ပင်ဇည့်ရိပ်သာနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးဧည့်ရိပ်သာတို့တွင် နေထိုင်ရေး၊ လုံခြုံရေး၊ သွားလာရေးအဆင်ပြေမှုရှိစေရန်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများပြည့်စုံမှုရှိစေရန် တို့ကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ပေးခဲ့ပါသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု**

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်ပေးမှုအရ လွှတ်တော်အခွင့်အရေး ကော်မတီသည် EU နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် Mr.Andresa Magnussion နှင့် ၂.၉.၂၀၁၆ ရက်တွင် တွေ့ဆုံ၍ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များတွင် မြန်မာ EU ပူးပေါင်းဆောင်ရွက်ရေး နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ လွှတ်တော်အခွင့်အရေးကော်မတီသည် The Asia Foundation မှ Dr. Renaud Egreteau ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ၂၂.၁၁.၂၀၁၆ ရက်တွင် လက်ခံတွေ့ဆုံ၍ လွှတ်တော်ကျင်းပခြင်း၊ လုပ်ငန်းတာဝန်နှင့် လွှတ်တော် အခွင့်အရေး ကော်မတီဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်၊ သတင်းထုတ်ပြန်မှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

**နိုင်ငံခြားသွားရောက်မှုမှတ်တမ်း**

၁၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ပလွှတ်တော်များ၏ ဖိတ်ကြားချက်များအရ ပြည်ပ နိုင်ငံများသို့ အောက်ပါအတိုင်း သွားရောက်လေ့လာခဲ့ပါသည်။

(က) ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်မှ ၉ ရက်အထိ Belgium နိုင်ငံရှိ EU Parliament နှင့် Belgium Parliament များသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

( ခ) ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၁၃ ရက် အထိ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

( ဂ) ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ အရှေ့တောင်အာရှဒေသတွင်းလုံခြုံရေးဆိုင်ရာ အုပ်ချုပ်မှုအခန်းကဏ္ဍကို ပါလီမန်များဆိုင်ရာ Forum တစ်ရပ်ကို (၁၀)နှစ်ပြည့် အလုပ်ရုံဆွေးနွေးပွဲအဖြစ် ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့သို့ သွားရောက်လေ့လာခဲ့ပါသည်။

(ဃ) ဦးစိုင်းစန်သိန်း (မိုးနဲမဲဆန္ဒနယ်)သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ဗြိတိန်နိုင်ငံချစ်ကြည်ရေးခရီးစဉ် သွားရောက်လေ့လာခဲ့ပါသည်။

**မူကြမ်း**

**ဥပဒေများအပေါ်တွင် ဆောင်ရွက်ထားရှိမှု**

၁၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆.၈.၂၀၁၆ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ မှတ်တမ်းတင်မှုအရ လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ရမည့်ဥပဒေ (၃၉)ခုနှင့် ဆက်စပ်ဥပဒေ (၁၀)ခု စုစုပေါင်း (၄၉)ခု ရှိပါသည်။ စိစစ်ရမည့်ဥပဒေများနှင့်ပတ်သက်ပြီး ကော်မတီဝင်များပူးပေါင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ၎င်းတို့မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီ၌ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လွှတ်တော်မှ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**မေးခွန်းများနှင့် အဆိုများအပေါ် ဆောင်ရွက်ထားရှိမှု**

၁၈။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ တင်သွင်းလာသည့် အဆိုတစ်ခု၊ ကြယ်ပွင့်ပြမေးခွန်းတစ်ခု၊ ကြယ်ပွင့်မပြမေးခွန်းတစ်ခုနှင့် ပတ်သက်ပြီး ကော်မတီ၏ သဘောထားမှတ်ချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့တင်ပြထားပြီးဖြစ်ပါသည်။

**ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၁၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် အောက်ပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ရန် လျာထားပါသည်-

(က) ပြည်သူ့လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီသို့စိစစ်ရန် တာဝန်ပေးအပ်ထားသည့် ဥပဒေများအနက်မှ စိစစ်ဆောင်ရွက်ရန် လျာထားသည့်ဥပဒေများမှာ-

(၁) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ

(၂) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ

(၃) အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ

(၅) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေ

**မူကြမ်း**

( ခ) လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာကျင့်ဝတ် Code of Conducts နှင့် ပတ်သက်ပြီး လေ့လာဆွေးနွေးရန်၊

( ဂ) ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများကို ယခုထက်ပိုမို အကူအညီပေး ဆောင်ရွက်နိုင်ရန်၊

(ဃ) ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ လမ်းညွှန်မှာကြားချက်အရ လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံမှုနှင့်အကာအကွယ် ပေးရေးကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်၊

( င) ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ပတ်သက်သည့် သိကောင်း စရာလက်ကမ်းစာအုပ် ရေးသားပြုစုရန်။

**နိဂုံး**

၂၀။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်း တာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ် များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာ သုံးသပ်လျက်ရှိပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေး ဆိုင်ရာကိစ္စများနှင့် လွှတ်တော်က အခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြားတာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့် အရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက

၅-၆-၂၀၁၇ ရက်နေ့ (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က နိုင်ငံသားများအား စားသုံးသူပညာပေးရေး (Consumer Education) ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက်တဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း(၆၊ ၇၊ ၈)တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးရန်လင်းအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို ကြွရောက်လာသူအားလုံးကို မင်္ဂလာရှိသောနံနက်ခင်းပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းဖြစ်ပါတယ်။ ယနေ့ကျွန်တော်တင်သွင်းမယ့်အဆိုအား စားသုံးသူပညာရေးကို ပြည်သူများအတွင်းမှာ မြင့်မားအောင်လုပ်ပြီးတော့မှ တစ်မျိုးသားလုံးရဲ့ကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်စေမယ့်အဆိုဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ်ဟာ ပြီးခဲ့တဲ့ စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျောင်းမုန့်ဈေးတန်းကအစားအစာများကို နိုင်ငံတော်က တာဝန်ရှိသူအသီးသီးက စုပေါင်းသင်းဖွဲ့ပြီးတော့ တားဆီးဖို့အတွက် အဆိုတစ်ခုတင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုဟာ သက်ဆိုင်ရာတာဝန်ရှိသူများအပိုင်းက စားသုံးသူကာကွယ်ရေးအတွက် ဆောင်ရွက်တာဖြစ်ပြီးတော့ အခုကျွန်တော်တင်မယ့်အဆိုက စားသုံးသူများဘက်ကနေ စားသုံးသူဆိုင်ရာအသိပညာမြင့်မားပြီး ရွေးချယ်စားသောက်ခြင်းဖြင့် အန္တရာယ်ရှိတဲ့အစားအစာတွေ၊ ဆေးဝါးတွေ၊ အရည်အသွေးညံ့ဖျင်းတဲ့ဝန်ဆောင်မှုတွေဟာ ဈေးကွက်ကအလိုလိုပျောက်ပျက်သွားစေမယ့်အတွက် စားသုံးသူပညာရေးကို မြှင့်တင်ပေးပါလို့ အထူးသဖြင့်

ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းသင်ရိုးကစပြီး ကျောင်းများမှာထည့်သွင်းပေးပါလို့ အဆိုပြုတဲ့ဟာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်သွင်းခွင့်ပြုရန် ပန်ကြားပါတယ်။ စားသုံးသူ ပညာရေးရဲ့သဘောတရားရှိပါတယ်။ စားသုံးသူရဲ့ကာကွယ်စောင့်ရှောက်ရေးအတွက် အကောင်းဆုံး လုပ်ဆောင်ပေးသည့်အချက်ဟာ မိမိကိုယ်တိုင်ကာကွယ်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ လူအားလုံး၊ စားသုံးသူအားလုံးဟာ စားသုံးသူပညာရေးအသိမြင့်မားဖို့လိုပါတယ်။ မြင့်မားလာတာနဲ့ အမျှ လူတစ်ဦးချင်းစီရဲ့ ကျန်းမာကြံ့ခိုင်မှုကောင်းလာပါမယ်။ အဲဒီကနေ တစ်မျိုးသားလုံးရဲ့ကျန်းမာမှု ကောင်းလာပါမယ်။ ယခု ကျွန်တော်တို့မျက်မှောက်မှာမြင်နေရတာ စားသုံးသူပညာရေး၊ စားသုံးသူ အသိပညာဟာ တော်တော်လေးကို နိမ့်ပါးနေပါတယ်။ ကျွန်တော်တို့တစ်တွေ စားသောက်နေတဲ့အစား အစာများဟာ ကျန်းမာရေးနဲ့ညီရဲ့လား။ ဆေးဝါးတွေဟာ အတုတွေလား။ ဝန်ဆောင်မှုတွေဟာ အရည် အသွေးပြည့်ရဲ့လား စတာတွေကို နားမလည်ဘဲသုံးစွဲစားသုံးနေတဲ့အတွက် ကျွန်တော်တို့လူမျိုးတစ်မျိုး လုံးရဲ့ အခုအခါမှာ ကျန်းမာကြံ့ခိုင်မှုဟာ နိမ့်ကျလျက်ရှိပါတယ်။ ဥပမာအားဖြင့် UNICEF ရဲ့ လွန်ခဲ့သော သုံးနှစ်ကအစီရင်ခံစာမှာဆိုရင် မြန်မာတစ်မျိုးသားလုံးဟာ ပရိုတိန်းအပါအဝင် ဗိုက်တာမင် သုံးမျိုးခန့်ချို့တဲ့နေတယ်လို့ ဆိုပါတယ်။ ကလေးသူငယ်အများစုဟာ အရပ်ပုနေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် လေ့လာတဲ့အိမ်ထောင်စုတိုင်းဟာ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကင်ဆာစတဲ့ရောဂါ ကြီးလေးမျိုးနဲ့ တစ်မျိုးမဟုတ်တစ်မျိုးနဲ့ဆက်နွှယ်နေတယ်လို့ ဆိုပါတယ်။ ဒါဟာ ဘာရဲ့ရလဒ်လဲဆိုရင် သူတို့တစ်တွေ နှစ်ပေါင်း ၂၅၊ ၃၀ ခန့် စားသုံးသူပညာရေးနိမ့်ပါးစွာနဲ့ စားသုံးခဲ့တဲ့အစားအစာတွေရဲ့ ရလဒ်ဖြစ်ပါတယ်။ အဲဒီရလဒ်ကြောင့် အရင်တုန်းက ကျွန်တော်တို့တစ်တွေ ရရှိခဲ့တဲ့ အားကစားတွေ၊ အထူးသဖြင့် ဒေသတွင်းအားကစားတွေ၊ အာရှအဆင့်အားကစားတွေမှာ ကျွန်တော်တို့တစ်တွေ အောင်ပွဲတွေ တဖြည်းဖြည်းဝေးလာပါတယ်။ အရင်လို ကျန်းမာကြံ့ခိုင်ဖို့အတွက် သူများနဲ့တန်းတူ ယှဉ်ပြိုင်နိုင်ခြင်းလည်းမရှိပါဘူး။ ယခုပဲ U12၊ U18 စတဲ့ပွဲတွေက ပြိုင်ပွဲဝင်တဲ့မြန်မာအားကစားသမား များကိုကြည့်ရင် အခြားပြိုင်ဘက်အားကစားသမားများနဲ့ ယှဉ်ကြည့်ပါက နုပျိုခြင်း၊ ကျန်းမာခြင်း၊ ကျစ်လစ်ခြင်းများဟာ သိသာစွာနိမ့်ပါးနေတာကို မြင်တွေ့ရပါမယ်။

အဲဒီတော့ ဒီနေရာမှာ စားသုံးသူဟာ ဘာလဲဆိုတာလေးကို ပြောချင်ပါတယ်။ တကယ်တမ်းကျ တော့ စားသုံးသူဟာ လူတိုင်းဖြစ်ပါတယ်။ စားသုံးသူကို သာမန်အားဖြင့် အမျိုးအစားသုံးမျိုးခွဲလို့ရပါ တယ်။ သာမန်စားသုံးသူသက်သက်၊ ကုန်ထုတ်တဲ့သူတွေ၊ ရောင်းဝယ်ဖောက်ကားသူဆိုပြီးတော့မှ အစု

အဖွဲ့သုံးမျိုး မြင်တွေ့ရပါမယ်။ ဒါပေမဲ့အားလုံးဟာ၊ လူအားလုံးဟာ စားသုံးသူများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စားသုံးသူဆိုင်ရာပညာရေးဟာ အားလုံးကို ကိုယ်စားပြုတယ်။ အရေးပါတဲ့ကဏ္ဍဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒါက စားသုံးသူအသိပညာဖွံ့ဖြိုးရေးမှာပါဝင်တဲ့ အဓိကခေါင်းစဉ်ကြီးလေးရပ်ဖြစ်ပါတယ်။ ဒါတွေကိုပြောနေလို့ရှိရင် အချိန်ကိုင့်ကွက်သောအားဖြင့် ကျွန်တော်သည် နံပါတ်(၂)နဲ့ နံပါတ်(၄)ကို အနည်းငယ်မိတ်ဆက်ပြီးပြောကြားပေးလိုပါတယ်။ ဒါစားသုံးသူရဲ့အခွင့်အရေးများဖြစ်ပါတယ်။ ဒီစားသုံးသူတွေရဲ့အခွင့်အရေးအားလုံးပေါင်း ရှစ်ခုရှိပါတယ်။ ဒီရှစ်ခုကို ပညာတတ်အများစုသော်လည်းကောင်း၊ တိုင်းသူပြည်သားအများစုသော်လည်းကောင်း၊ အများစုဟာ သိရှိခြင်းမရှိဘူးလို့ယူဆရပါတယ်။ ပထမထပ်ဟာ အခြေခံလိုအပ်ချက်များရပိုင်ခွင့်ရှိပါတယ်။ အဲတော့ အစားအစာတွေ၊ အဝတ်အထည်တွေ၊ စားဝတ်နေရေးတွေကောင်းကောင်းမနေရဘူး။ ကျန်းမာရေးလည်း ကောင်းကောင်းမနေရဘူး။ စာမသင်ရဘူးဆိုရင် စားသုံးသူအခွင့်အရေးပျက်ကွက်ပါတယ်။ စားသုံးသူများရဲ့အခွင့်အရေးကို ထိခိုက်ပါတယ်။ စားသုံးသူများဟာ လူတိုင်းဖြစ်တော့ လူတိုင်းဟာဒီအတွက် အခွင့်အရေးကို တောင်းဆိုနိုင်ပါတယ်။ နောက်တစ်ခုကတော့ ဘေးကင်းလုံခြုံရေးလို့ခေါ်တဲ့ Safely ပါ။ အဲတော့ လုံလုံခြုံခြုံနဲ့အလုပ်လုပ်ဖို့၊ နေဖို့အတွက် ဒါဟာ စားသုံးသူများရဲ့ ရပိုင်ခွင့်တစ်ခုဖြစ်ပါတယ်။ နောက်ထပ်အချက်သုံးချက်ဖြစ်ပါတယ်။ ကိုယ်လိုချင်တဲ့ ကိုယ်ဝယ်တဲ့ပစ္စည်းရဲ့အကြောင်းအရာအကုန်လုံးကို သိခွင့်ရမယ်။ ကြိုက်သလိုရွေးချယ်ခွင့်ရရမယ်။ မကောင်းဘူးဆိုရင် အကုန်လုံးကို ပြန်လည်ပြီးတော့မှ ပြောပြနိုင်ခွင့်ရှိရပါမယ်။ တကယ်လို့မကောင်းဘူးဆိုရင် ဝန်ဆောင်မှုတစ်ခု၊ အစားအသောက်တစ်ခုမကောင်းဘူးဆိုရင် ပြောပြီးတော့မှ ပိုင်ရှင်က ပြန်လည်လျော်ကြေးပေးရမယ့်ရပိုင်ခွင့်ရှိပါတယ်။ နောက်တစ်ခါ စားသုံးသူဆိုင်ရာ ပညာရေးများ ဆည်းပူးလေ့လာခွင့်ဟာ အခုကျွန်တော်တင်ပြတဲ့ Consumer Education ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့တစ်တွေ မသင်ကြားကြရပါဘူး။ စားသုံးသူအခွင့်အရေးနစ်နာနေပါတယ်။ နောက်ဆုံးအချက်ကတော့ ကျန်းမာမျှတတဲ့ပတ်ဝန်းကျင်ရရှိပိုင်ခွင့်၊ သဘာဝပတ်ဝန်းကျင်ဟာ မသန့်ရှင်းဘူး။ မလတ်ဆတ်ဘူး။ ညစ်ညမ်းတယ်ဆိုရင် စားသုံးသူအခွင့်အရေးနဲ့ ထိခိုက်ပါတယ်။ ဒီအချက်တွေ အချက်ပေါင်းရှစ်ခုပေါ့နော်။ ဒါကို စားသုံးသူအခွင့်အရေးလို့ခေါ်ပါတယ်။ တစ်ကမ္ဘာလုံးက ဒီအတွက်ကို ထိခိုက်လို့ရှိရင် အားလုံးဝိုင်းဝန်းတောင်းဆိုနေပေမဲ့ ကျွန်တော်တို့တစ်တွေကတော့ ဒါတွေကို လူတိုင်းမသိရှိတဲ့အခြေအနေမှာ ရှိနေပါသေးတယ်။ အဲဒါကြောင့်မို့လို့ အရေးကြီးလို့ မတ်လ ၁၅ ရက်နေ့ကို ကမ္ဘာမှာ ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ဆိုပြီးတော့မှ ကျင်းပကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အစိုးရက တစ်ခါမှကျင်းပခြင်းမရှိဘဲနဲ့ မနှစ်ကမှ

စပြီးတော့မှ စားသုံးသူကာကွယ်ရေးဦးစီးဌာနက စတင်ကျင်းပတာကို တွေ့ရပါတယ်။ ရပိုင်ခွင့်တွေရှိသလို ကျွန်တော်တို့စားသုံးသူများမှလည်း တာဝန်တွေရှိပါတယ်။ ဒါဟာ စားသုံးသူရဲ့တာဝန်ငါးချက်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အရေးပါတဲ့ ကုန်စည်အမှတ်အသားတံဆိပ်နဲ့ စပ်လျဉ်းပါတယ်။ ဒါဟာ ဈေးဝယ်ဖို့အတွက် မှန်ကန်တဲ့ဈေးဝယ်နည်းလမ်းညွှန်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ စားသုံးသူအသိပညာနိမ့်ပါးနေတဲ့အတွက် ဘယ်လိုအချက်တွေကိုကြည့်ပြီး ဈေးဝယ်ရမယ်ဆိုတာကို လူတွေမသိပါဘူး။ ဒီမှာဆိုရင် နံပါတ်(၁)က စားသုံးသူဝယ်ယူသုံးစွဲထားတဲ့ကုန်ပစ္စည်းဟာ အခြေခံအချက်အလက်တွေပါရပါမယ်။ ဘာပစ္စည်းလဲ။ ဘယ်သူကထုတ်တာလဲ။ ဘယ်တုန်းကထုတ်တာလဲ။ နောက်ဆုံးထားသုံးရမှာကဘယ်လိုလဲ။ မကုန်သေးရင် ဘယ်မှာသိမ်းရမှာလဲ။ ဒီစက်ရုံရဲထုတ်လုပ်သူဟာ ဘယ်သူလဲ။ လိပ်စာတွေ။ ဒါတွေကို မပါရင် ကျွန်တော်တို့စားသုံးသူတွေက ဝယ်ယူစားသုံးခြင်းမပြုဘဲနဲ့ ထားပစ်ခဲ့ရမှာဖြစ်ပါတယ်။ တစ်ခါ အဲပစ္စည်းထဲမှာဘာတွေပါသလဲ။ ဒီပါတဲ့အလေးချိန်တွေ၊ ပမာဏတွေ ဒါတွေကိုလည်း ကျွန်တော်တို့ သိဖို့လိုပါတယ်။ ဒီပစ္စည်းနဲ့ပတ်သက်လို့ သုံးရမယ့်အညွှန်း၊ ဘယ်လိုသုံးရမယ်၊ ပမာဏဘယ်လောက်သုံးရမယ်။ ဘယ်လိုသိမ်းထားရမလဲ စသဖြင့် ဒီဟာကအညွှန်းလည်းပြည့်ပြည့်စုံစုံပါရပါမယ်။ နံပါတ်(၄) သတိပေးချက် ဒါလည်းပါရပါမယ်။ ဥပမာအားဖြင့် နှစ်နှစ်အောက်ကလေးများမစားရ။ ကိုယ်ဝန်ဆောင်အမျိုးသမီးများမစားရ စသဖြင့် ဒီလိုသတိပေးချက်တွေလည်း ပါဖို့လိုပါတယ်။ နောက်တစ်ခါ ဖတ်ရှုရန်လွယ်ကူခြင်း ပါတော့ပါပါရဲ့ ဖတ်လို့မရတဲ့ စာလုံးသေးသေးလေးနဲ့ရေးထားတဲ့ ကုန်ပစ္စည်းတွေရှိပါတယ်။ ဒါတွေကို ဖတ်လို့မရရင် ထားပစ်ခဲ့ရပါမယ်။ ဒီနေရာမှာ ပြီးခဲ့တဲ့ဒီဇင်ဘာလ ဂျပန်သွားတုန်းက အစားအသောက်တွေကို ဂျပန်စာမပါရင် မစားကြပါဘူး။ ဒါကြောင့်မို့လို့ စားသုံးသူပညာပေးရေး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ⊞ဌ**။ ။ ဦးရန်လင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား ဖိတ်ခေါ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တက်ရောက်လာကြပါသော ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုက်လတ်မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးရန်လင်း တင်သွင်းသွားသော အခြေခံပညာအလယ်တန်းတွင် နိုင်ငံသားများအား

စားသုံးသူပညာပေးရေး(Consumer Education)ဘာသာရပ်ကို ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးရန်လင်း တင်ပြသွားတဲ့အတိုင်း မြန်မာနိုင်ငံရဲ့ စာသုံးသူပညာရေးဟာ နိမ့်ကျလျက်ရှိနေပါတယ်။ ကျန်းမာသောအစားအစာ၊ ဘေးကင်းသော ဆေးဝါး များကို မှန်ကန်စွာရွေးချယ်ဝယ်ယူသုံးစွဲနိုင်ခြင်းလည်း မရှိပါဘူး။ နိုင်ငံသူနိုင်ငံသားအများစုဟာ စားသုံးသူအခွင့်အရေးများကို မသိရှိရုံမျှသာမက တောင်းဆိုရကောင်းမှန်းလည်းမသိပါဘူးခင်ဗျား။ ထို့အပြင် အစားအစာ၊ ဆေးဝါးနှင့် ဝန်ဆောင်မှုလုပ်ငန်းများရဲ့အရည်အသွေး ညံ့ဖျင်းမှုကိုလည်း ဖော်ထုတ်ရကောင်းမှန်းလည်းမသိပါဘူးခင်ဗျား။ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း ကျောင်းသူ ကျောင်းသားများကို ကျောင်းမှသင်ကြားပေးလိုက်ပါက စားသုံးသူအခွင့်အရေးများအကြောင်းကို ကျောင်းသူကျောင်းသားများသာမကဘဲ အချို့သောမိဘများပင်လျှင် သိရှိနိုင်မှာဖြစ်ပါတယ်။ တစ်ဖြည်းဖြည်း ပညာရေးမြှင့်တက်လာတာနဲ့အမျှ အရည်အသွေးကောင်းမွန်သော ကုန်စည်များကို ဝယ်ယူစားသုံးခြင်းဖြင့် အရည်အသွေးညံ့ဖျင်းသောကုန်စည်များ ဈေးကွက်အတွင်းမှ အလိုလို ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ရွေးချယ်စားသောက်တတ်ခြင်းဖြင့် အာဟာရပြည့်ဝရရှိလာသလို တစ်မျိုးသားလုံးရဲ့ကျန်းမာ ရေးဟာလည်း မြှင့်တက်လာမှာဖြစ်ပါတယ်။ အဲဒီလို မြှင့်တက်လာခြင်းဖြင့် ဆေးဝါးကုသမှုများ သက်သာနိုင်ခြင်း၊ တိုင်းပြည်ရဲ့လုပ်အားမြှင့်တက်လာခြင်း၊ အာရောဂျံ ပရမံ လာဘံ ဆိုတဲ့ လာဘ်ကြီးတစ်ပါးကိုလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ တစ်မျိုးသားလုံးရဲ့ ကျန်းမာရေး ကို ရှေးရှုသောအဆိုဖြစ်သဖြင့် ကိုယ်စားလှယ်တော်ကြီး ဦးရန်လင်း တင်သွင်းသောအဆိုအား ကျွန်တော် ဦးတိုးသောင်မှ လှိုက်လှဲစွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်း ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးရန်လင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံသားများအား စားသုံးသူပညာပေးရေး (Consumer Education)ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက် တစ်ဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း(၆၊ ၇၊ ၈)တန်းသင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၅-၆-၂၀၁၇ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့တဲ့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၉-၃-၂၀၁၇ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလို

တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၃-၃-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီးအမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်ငါးဦးတို့က အမည်စာရင်းတင်သွင်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ချက် ၁၀ ချက်နဲ့ သဘောကွဲလွဲချက် ၂၃ ချက်ရှိကြောင်း တင်ပြလာပါတယ်။ ယခုအမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်ထပ်မံပြင်ဆင်ချက် ၁၀ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို ဖတ်ကြားတင်ပြသွားမှာပဲဖြစ်ပါတယ်။

## ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သည့် ၁၈-၁၁-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်မှ ၇-၃-၂၀၁၇ ရက်နေ့၌ ကျင်းပသောအမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ဖြစ်သည့် ၉-၃-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့အသိပေးတင်ပြ

ခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၃-၃-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါသည်။(က) ဦးရဲထွန်းဝင်း (ပေါက်မဲဆန္ဒနယ်)၊ (ခ) ဦးကံမြင့်(သရက်မဲဆန္ဒနယ်)၊ (ဂ) ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)၊ (ဃ) ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)၊ (င) ဒေါက်တာဇော်ဝင်းမြင့်(စဉ့်ကူးမဲဆန္ဒနယ်)။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၉-၅-၂၀၁၇ ရက် သောကြာနေ့နှင့် ၂၆-၅-၂၀၁၇ ရက်သောကြာနေ့တို့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက် (၃၃)ချက်အနက် ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန် (၁၀)ချက်ရှိပြီး ထပ်မံပြင်ဆင်ရန် တင်ပြချက်ဇယားများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၁၀) ချက်အား ဝန်ကြီးဌာနမှသဘောတူလက်ခံနိုင်ပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၀)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောကွဲလွဲတဲ့ (၂၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သော ကျန်ရှိသည့်အချက် (၂၃)ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်က ယခင်အတည်ပြု ထားသည့်အတိုင်းသာ ထားရှိရန်သဘောတူညီကြပါသည်။ ထိုအချက် (၂၃)ချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် အချက်(၂၃)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ အဆိုပါ အချက် (၂၃)ချက်အပေါ် ပြည်သူ့လွှတ်တော်က ယခင်ကအတည်ပြုထားသည့်အတိုင်း ဝန်ကြီးဌာနက လက်ခံသဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၂၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၂၃)ချက်

ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေနံလက်ယက်တွင်း ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင်ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များ ဖြင့်ပြန်လည်ပေးပို့သောရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ရဲ့ပြင်ဆင်ချက်(၃၃) ချက်ကိုသဘောမတူကြောင်း လွှတ်တော်ကအတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲ ခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်တဲ့ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သည့် ၁၈-၁၁-၂၀၁၆ ရက်နေ့ တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ရေနံ လက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၇-၃-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး မှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာခဲ့ ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာတဲ့ ပြင်ဆင်ချက် (၃၃) ချက်အနက် ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက် (၁၀)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်

အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့် အချက် (၂၃)ချက် စုစုပေါင်းအချက်(၃၃)ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ထိုသို့ သဘောထားကွဲလွဲတဲ့ အချက် (၃၃)ချက်ကို ပြည်သူ့လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုလွှတ်တော်တင်ပြဖို့မဟုတ်လား။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့လေးစားစွာ အဆိုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲချက်(၃၃)ချက်ကို ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ပြည်ထောင်စု လွှတ်တော်သို့ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းသွားသောအဆိုကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးနေမျိုးထွန်းက အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၃၃ ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက် ၃၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူမှုဝန်ထမ်းကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တင်ပြ ဆွေးနွေးပွဲကို ဒီနေ့ နေ့လယ် ၁ နာရီခွဲမှာ သဘင်ဆောင်မှာကျင်းပမှာဖြစ်ပါတယ်။ မပျက်မကွက် တက်ရောက်ပေးဖို့ပန်ကြားအပ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၂.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒုဝန်ကြီး



ဦးအောင်စိုး
(ယင်းမာပင်မဲဆန္ဒနယ်)



ဦးဘုန်းမြင့်အောင်
(ဒိုက်ဦးမဲဆန္ဒနယ်)



ဦးမိုးရွှေ
(ပူတာအိုမဲဆန္ဒနယ်)



ဦးဝင်းအောင်
(မိုးမောက်မဲဆန္ဒနယ်)



ဦးစိုးစံသက်ထွန်း
(မြင်းမူမဲဆန္ဒနယ်)



ဦးပါထန်း
(မတူပီမဲဆန္ဒနယ်)



ဦးစိုင်းကျော်မိုး
(မိုင်းပန်မဲဆန္ဒနယ်)



ဦးစိန်ဟန်
(ကံမမဲဆန္ဒနယ်)



ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)
ပညာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်